မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၂၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ သောကြာနေ့။

အေးစေ မြဲစေ မေတ္တာရေ

❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွံ့မမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနှင့်အညီ ဒေသများအကြား မျှတစွာဖြန့်ကြက်လုပ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံခြားအကူအညီအထောက်အပံ့ ရယူဆောင်ရွက်ရာတွင် ငွေကြေးနှင့်နည်းပညာဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ထိုကဲ့သို့ရရှိသည့်ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် နိုင်ငံတော်၏ ရေတိုရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စေရေး အထောက်အကူပြုနိုင်စေရန်လိုအပ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ကြာမြင့်ချိန် ၁၃ ရက်ဖြင့် ရှန်ဟိုင်း-ရန်ကုန် ကုန်စည်များပို့ဆောင်ပေးမည်
ကမ္ဘာ့အကြီးဆုံး သယ်ယူပို့ဆောင်ရေးကုမ္ပဏီက ဝန်ဆောင်မှုပေးရန်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ရှန်ဟိုင်း-ရန်ကုန် တိုက်ရိုက်ကုန်သွယ်ရေး ဝန်ဆောင်မှုလိုင်းသစ်ကို ဖေဖော်ဝါရီ ၄ရက်က ဖွင့်လှစ်ခဲ့ပြီး ပြေးဆွဲမှုများ စတင်နိုင်တော့မည်ဖြစ်၍ ၁၃ ရက်အတွင်း ကုန်စည်များ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ဖေဖော်ဝါရီ ၄ ရက် ညနေ ၄နာရီက ကျင်းပသည့် အဆိုပါလိုင်းသစ် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

ကမ္ဘာ့အကြီးဆုံး ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး ကုမ္ပဏီ Maersk ၏ အာရှတွင်း လက်အောက်ကုမ္ပဏီခွဲ MCC Transport သည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်ကုန်သွယ်ရေး ဝန်ဆောင်မှုကို ယခုကဲ့သို့ အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဝန်ဆောင်မှုကနေ သင်္ဘော

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

တင်ပို့ရာမှာ ပိုမိုအချိန်ကုန်သက်သာဖို့ ရည်ရွယ်ထားပါတယ်။ အရင်က ရှန်ဟိုင်း-ရန်ကုန် ကုန်သွယ်ရေး သင်္ဘောကြီးတွေ သွားလာမှုက ၁၈ ရက်ကြာမြင့်ပါတယ်။ ကျွန်တော်တို့ လိုင်းသစ်ကို ၁၃ ရက်နဲ့ ရောက်ရှိအောင် ပြေးဆွဲသွားမယ်။ အခုလို

စာမျက်နှာ ၃ ကော်လံ ၅ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မီးခိုးတိတ်စီးပွားရေး နိုင်ငံ့စီးပွားမြှင့်တင်ပေး

နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးမှာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ သာယာလှပသည့် တောတောင်ရှုမျှော်ခင်းများ၊ ရေမြေသဘာဝသယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ဤအရာများကသည်ပင် ကမ္ဘာ့အရပ်ရပ်မှ ခရီးသွားများကို မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့်ယခုပိုင်ဆိုင်ထားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝသယံဇာတများကို မပျက်စီးစေဘဲ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးအတွက် မီးခိုးတိတ်စီးပွားရေးလုပ်ငန်းဟု တင်စားခေါ်ဝေါ်သည့် ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်ရန် အလွန်ပင်အရေးကြီးပါသည်။

ဒေသတွင်းနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တို့ကို လေ့လာကြည့်မည်ဆိုလျှင်လည်း ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမြောက်အမြားရရှိနေပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ တိုးတက်ဖန်တီးပေးနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားအောင် မြှင့်တင်ဆောင်ရွက်နိုင်ကြခြင်း စသည်ဖြင့် နိုင်ငံအကျိုးစီးပွားအတွက် ကြီးမားစွာအထောက်အကူပြုလျက်ရှိသည်ကို တွေ့နိုင်သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း အစားအသောက်ကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှု၊ ဒေသခံပြည်သူများ၏ နွေးထွေးပျူငှာ ဧည့်ဝတ်ကျေပွန်မှု၊ ရိုးပင်းကူညီတတ်မှု၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများကောင်းမွန်မှု၊ အများသုံးသန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်မှု၊ မြို့တော်များ သန့်ရှင်းသာယာလှပမှု၊ သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု အစရှိသည့် အရည်အသွေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ယခုအခါကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် လေကြောင်းခရီးဖြင့်သာမက ရေကြောင်းခရီးဖြင့် လည်ပတ်မှုများ တိုးတက်များပြားလာသည်။ ယင်းသို့ လည်ပတ်ရာတွင် ပင်လယ်ရေကြောင်းမှ စင်းလုံးငှားအပျော်စီး သင်္ဘောကြီးများဖြင့် လာရောက်ကြသည့်အပြင် ပြည်တွင်းရေကြောင်းခရီးဖြင့် လည်ပတ်ကြသည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့ဖြစ်သည့် မကွေးမြို့တစ်မြို့တည်းတွင်ပင် တစ်လလျှင် ကမ္ဘာလှည့်ခရီးသွား သင်္ဘောအစင်း၂၀ ခန့် နှင့် နိုင်ငံခြားခရီးသည် ပေါင်း ၁၂၀၀ မှ ၁၄၀၀ အထိ လာရောက်လည်ပတ်သည်ဟု သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် **Myanmar Voyages International Tourism Co.,Ltd.** အစီအစဉ်ဖြင့် အမေရိကန်အခြေစိုက် **Silversea Cruises** မှ ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောကြီးသည် ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ရာတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ခရီးသွား ၂၄၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၂၁ ဦးခန့် လိုက်ပါလာကြောင်း သိရသည်။

ဤကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံအတွင်းသို့ တိုးတက်များပြားစွာ လာရောက်လည်ပတ်ကြသည့်အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ဆောင်ရွက်လာနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို တိုက်ရိုက်ရရှိခံစားနိုင်ကြသည်ဖြစ်ရာ ဒေသအကျိုးစီးပွား၊ ဒေသတွင်းနေ ပြည်သူများ အကျိုးစီးပွားရေးနှင့် နိုင်ငံအကျိုးစီးပွားအတွက် မီးခိုးတိတ် စီးပွားရေးလုပ်ငန်း အခိုင်အမာ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဟု ရှုမြင်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက်လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံ ဆိုတာလိုဖြစ်တော့ ဆန်စင်ရာ ကျည်ပွေ့ မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့မှာ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေကိုလည်း ရှိတယ်။ အောင်မြင်တာတွေလည်းရှိတယ်။ (၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ပြန်ကြားရေးဝန်ကြီး ဦးဘချို၏ ရုံးခန်းတွင် ပြုလုပ်သော သတင်းစာဆရာများနှင့် ဆွေးနွေးပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေးနွေးချက်မှ ကောက်နုတ်ချက်)

ဗိုလ်ချုပ်မွေးနေ့ နံရံကပ်နှင့် ဓာတ်ပုံပြပွဲ ခင်းကျင်းပြသ

မြိတ် ဖေဖော်ဝါရီ ၅

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို မြိတ်ခရိုင် ပြန်/ဆက်ရုံးတွင် ဖေဖော်ဝါရီ ၃ ရက်က ခင်းကျင်းပြသခဲ့သည်။

အထိမ်းအမှတ်ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်၏ တိုးတက်မှုမှတ်တမ်းများကို ဓာတ်ပုံများ၊ ကဗျာများ၊ ဆောင်းပါးများ၊ နံရံကပ်စာစောင်များဖြင့် ခင်းကျင်းပြသထားသည်။

(ခရိုင် ပြန်/ဆက်)

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

လှမ်းစို့တူပြိုင် ပြည်ထောင်စုပန်းတိုင်

❖ တိုင်းရင်းသား ညီနောင်စုတွေနဲ့
တည်ထောင်ပြု တို့နိုင်ငံ။
ဟိုယခင် တစ်ပါးကျွန်အဖြစ်
နှံ့နှစ်ခဲ့ပြန် ။ ။

❖ မြေပြန့်နဲ့ တောင်ပေါ်မကျန်
တော်လှန်ခဲ့ အသက်ပေး ။
ပင်လုံစိတ်သွေးမခြားပါလို့
အလေးထား အထွတ်အမြတ်မှန်းလေတဲ့
တို့နိုင်ငံ လွတ်လပ်ပန်းကိုလ
ဆင်မြန်းရ မနေး ။ ။

❖ ရှမ်း ချင်း ကချင် ကရင် ကယားနဲ့
အင်အားဖွဲ့ မွန် ဗမာ ရခိုင် ။
ပြည်ထောင်စု သွေးသားချင်း
လေးစားရင်း အပြုံးလှိုင် ။ ။

❖ ခြောက်ဆယ့်ရှစ် နှစ်တိုင်တိုင်
အချစ်ခိုင် မယိုင်မလဲ ။
အလှမ်းမဝေးပြီ....
လမ်းကလေးစည်သာ ပါရဲ့
တူညီစွာ ပန်းတိုင်ရောက်ဖို့
လျှောက်စို့လေ ခွဲမထွက်လေနဲ့
တွဲလက်တွေမြဲ...။ ။

မောင်သျှင်နှောင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူ လျှပ်စစ် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က လှည်းကူးမြို့နယ် ကွန်းကလေးကျေးရွာ (ကွန်းကြီးပိုင်း၊ ရွှေနှင်းဆီလမ်း)တွင် 11/0. 4KV, 315 KVA ထရန်စဖော်မာတစ်လုံး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်ဇင် ဦးဆောင်၍ လိုင်းဝန်ထမ်းများမှ လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

လှည်းကူးမြို့နယ်အနေဖြင့် ယခုနှစ်အတွင်း လျာထားချက် ထရန်စဖော်မာ ၁၂ လုံး တိုးချဲ့တပ်ဆင်ပြီးစီးကြောင်းနှင့် မြောက်ပိုင်းခရိုင်အနေဖြင့် ၁၄၁ လုံးမြောက် ထရန်စဖော်မာ တိုးချဲ့တပ်ဆင် ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။

မြင့်လွင်

စာအုပ်စာပေ လူ့မိတ်ဆွေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၀
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၆၀၀၀-၁၆၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၂၅
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၆၀၀-၂၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၄၀-၁၅၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၂၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံရေးနှင့်စီးပွားရေးသည် ဆက်စပ်မှုရှိပြီး အပြန်အလှန်အကျိုးသက် ရောက်မှုရှိပါကြောင်း၊ နိုင်ငံရေး တည်ငြိမ်မှုရှိပါက စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့စီးပွားရေးကောင်းမွန်ပါကလည်း နိုင်ငံရေးတည်ငြိမ်မှုကို ဖြစ်စေပါကြောင်း၊ တပ်မတော်နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများကိုလည်း ဥပဒေနှင့်အညီသာ ဆုံးဖြတ်လုပ်ဆောင်စေပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးအပိုင်းများတွင် တရားဥပဒေနှင့်အညီ အစိုးရချင်းညှိနှိုင်း ဆောင်ရွက်စေလိုပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် Mr.Wang Yingfan အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

Mr. Wang Yingfan က တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးကာလ နှစ် ၃၀ ကျော်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏသည် လိုအပ်ချက်ထက်များစွာ ပိုနေပါကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများ၊ ပြည်ပနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ရန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်မှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အကြံပြုဆွေးနွေးချက်များကို တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတိုးတက်အောင်မြင်စေလိုပါကြောင်း၊ ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်စေသော ကိစ္စရပ်များမှလွဲ၍ ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေလိုပါကြောင်း၊ နိုင်ငံရေးအတွေ့အကြုံအားနည်းခြင်း၊ အသိပညာအားနည်းခြင်းများသည် စီးပွားရေးတွင်လည်း အားနည်းစေပါကြောင်း၊ အချို့နယ်စပ်ဒေသကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် မူဝါဒအရ ကန့်သတ်ထားသော်လည်း အောက်ခြေအဆင့်လုပ်ပိုင်ခွင့်များရနေသည်ကို တွေ့ရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ ကြားညပ်ပြီး ဒုက္ခခံစားရမှုများကိုလည်း မဖြစ်စေလိုပါကြောင်း၊ ယင်းပြဿနာများကြောင့် ရှေ့သုံးလှမ်းတက်သော်လည်း တစ်လှမ်းခန့်သာတက်နိုင်ပြီး သွားချင်သလောက် ခရီးမရောက်မှုများရှိပါကြောင်း၊ နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါမှုကြောင့် အားပြိုင်မှုများကို ရင်ဆိုင်နေရခြင်းသည်လည်း မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုတစ်ခု ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် Mr. Wang Yingfan တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်သည့် ဒီဂျစ်တယ်စနစ် (DVB-T2) ဖြင့် ရုပ်မြင်သံကြားအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်မည်

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် ရုပ်သံလွှင့်စက်ရုံလေးရုံ၊ ဒုတိယအဆင့် ၂၂ ရုံ၊ တတိယအဆင့် ၂၁ ရုံ စုစုပေါင်း ၄၇ ရုံတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့အပါအဝင် အထက်ပါ DVB-T2 ရုပ်သံလွှင့်စက်ရုံ ၄၇ ရုံတို့တွင် Digital အခမဲ့ရုပ်သံလိုင်းရှစ်လိုင်းကို ထုတ်လွှင့်လျက်ရှိရာမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ မူလရုပ်သံလိုင်းများ အပါအဝင် အောက်ဖော်ပြပါရုပ်သံလိုင်း ၁၄ လိုင်းကို တိုးချဲ့ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်-

(က) MRTV
(ခ) MRTV Entertainment
(ဂ) MITV
(ဃ) လွှတ်တော်ရုပ်သံလိုင်း
(င) တိုင်းရင်းသား ရုပ်သံလိုင်း (NRC)
(စ) တောင်သူလယ်သမားရုပ်သံလိုင်း (Farmer Channel)
(ဆ) စာဖတ်သူတို့ရုပ်သံလိုင်း (Reader Channel)
(ဇ) Sport-1
(ဈ) Sport-2
(ည) MRTV-4
(ဋ) Channel-7
(ဌ) 5-Plus
(ဍ) MNTV
(ဎ) Channel-9

၃။ အဆိုပါ ရုပ်သံလိုင်းများကို အောက်ဖော်ပြပါ ရုပ်မြင်သံကြားဖမ်းစက် (TV) နှင့် ရုပ်သံဖမ်းစက်များမှ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်-

(က) DVB-T2 Tunerပါသော ရုပ်မြင်သံကြားဖမ်းစက်(TV)များ
(ခ) ပြန်ကြားရေးဝန်ကြီးဌာနက ဖြန့်ဝေလျက်ရှိသော DVB-T2 Set-Top Box များ
(ဂ) MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ဖမ်းယူနေသော DVB-T2 Set-Top Box များ
(ဃ) အခြားပြင်ပတွင်ရောင်းချနေသော DVB-T2 Set-Top Box များ

၄။ ရုပ်သံလိုင်းများဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်တပ်ဆင်၍ အောက်ပါအတိုင်းဖမ်းယူရမည်ဖြစ်ပါသည်-

(က) Set-Top Box၊ DVB-T2 Tuner ပါ TV တို့ရှိ Remote ခလုတ်များမှ Menu နှိပ်၍ Installation သို့သွားရပါမည်။
(ခ) Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။
(ဂ) Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသအတွင်းရှိအခမဲ့ ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းအမည်များ ပေါ်လာသည်အထိစောင့်ပါ။
(ဃ) Exit ခလုတ်နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုပါ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

◆ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရခြင်းအကြောင်းကတော့ ပွင့်လင်းလာတဲ့ကုန်သွယ်မှု မူဝါဒတွေကြောင့်ဖြစ်ပြီး ကမ္ဘာ့အရပ်ရပ်မှာ အချိန်နဲ့တစ်ပြေးညီ ကုန်သွယ်ရေးစနစ်ကောင်းမွန်မှသာ ဈေးကွက်အတွင်း ခိုင်မာတဲ့ဝေစု ရရှိမယ်။ ဒါကြောင့် ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေအတွက် သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုက လိုအပ်ပါတယ်”ဟု MCC Transport ၏ အမှုဆောင်အရာရှိချုပ် Tim Wickmann က ပြောကြားသည်။

ပထမဆုံး တိုက်ရိုက်ဝန်ဆောင်မှုအနေဖြင့် တိုက်ျိုကုန်သည်ကြီးများထံမှဖြစ်ပြီး ရှန်ဟိုင်းမှ ဇန်နဝါရီ ၂၇ ရက်က စတင်ထွက်ခွာလာသည့် သင်္ဘောကြီးသည် ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်သို့ ဆိုက်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ယခင်က မြန်မာနိုင်ငံသို့ ကုန်စည်တင်ပို့ရာတွင် ဈေးကွက်ချုပ်ကိုင်မှုများပြားခဲ့သဖြင့် အပြိုင်အဆိုင်တင်ပို့ရောင်းချခြင်းမရှိခဲ့ဘဲ လုပ်ငန်းရှင်ကြီးများ၏ တင်ပို့မှုက အများဆုံးဖြစ်သော်လည်း မြန်မာ့စီးပွားရေးပိုမိုအားကောင်းလာပြီး အစိုးရသစ်လက်ထက် ပြောင်းလဲလာသော ကုန်သွယ်ရေးမူဝါဒများကြောင့် ကုန်သွယ်ရေးလုပ်ငန်းရှင်များ အကြားတွင် ဈေးကွက်ဝေစုရရှိမှု မျှတလာကာ အချင်းချင်းပြိုင်ဆိုင်မှု ယခင်ထက်မြင့်တက်လာနေကြောင်း၊ အက်ဖ်တာနှင့် အေအီးစီ မြင့်တက်လာချိန်တွင် ကုန်စည် ကူးသန်းရောင်းဝယ်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို ထပ်မံလာရောက်လုပ်ကိုင်ဖွယ်ရှိကြောင်း စီးပွားရေးအတိုင်ပင်ခံ ပညာရှင်ဦးအောင်သူရက ပြောသည်။

MCC Transport က ၁၁၀၀ TEU ရှိ သင်္ဘောရှစ်စင်းဖြင့် ဝန်ဆောင်မှု စတင်သွားမည်ဖြစ်ပြီး Maersk Line သည် ကမ္ဘာ့အကြီးဆုံးကွန်တိန်နာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၆ နိုင်ငံ၌ ရုံးခန်းခွဲပေါင်း ၃၇၄ ခန်းထားရှိပြီး ဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် မေလအတွင်းက စတင်ဝင် ရောက်လာခဲ့ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လှူမိတ်ဆွေ



အမြန်ငွေလိုသည်

ပေ၁၀၀×ပေ၁၀၀ မြေကွက်အဆောက်အအုံပါ (သို့မဟုတ်) အဆောက်အအုံအတွင်း (ပိုင်ရှင်များသာ ဆက်သွယ်ရန်။)

ဖုန်း-၀၉-၅၀၁၉၆၄၈

နိုင်ငံတကာသတင်း

တောင်ကိုရီးယားနှင့် အမေရိကန် သုံးရက်တာ ရေကြောင်းစစ်ရေး ပူးတွဲလေ့ကျင့်မှုစတင်

ဆိုးလ် ဖေဖော်ဝါရီ ၅

ကိုရီးယား ကျွန်းဆွယ်တွင် တင်းမာမှုများ မြင့်မားနေစဉ်အတွင်း တောင်ကိုရီးယားနှင့် အမေရိကန်တို့က သုံးရက်တာ ရေကြောင်းစစ်ရေး ပူးတွဲလေ့ကျင့်မှုကို စတင်လိုက်သည်။

ကြာသပတေးနေ့က စတင်သည့် အဆိုပါ လေ့ကျင့်မှုတွင် အမေရိကန် နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း ပါဝင်လေ့ကျင့်ခဲ့သည်။

ဆိုးလ်မြို့မှ ၄၁၀ ကီလိုမီတာဝေးသော ဂျင်ဟေးဆိပ်ကမ်းမြို့သို့ ယူအက်(စ်)အက်(စ်) အိုလံပီယာ (SSN-717) ရောက်ရှိခဲ့ကြောင်း၊ လော့စ်အိန်ဂျလိစ် အမျိုးအစား အဆိုပါ ရေငုပ်သင်္ဘောတွင် သင်္ဘောသား ၁၂၀ တင်ဆောင်လာကြောင်း၊ ကိုရီးယား ရေတပ်သင်္ဘောများ ပါဝင်ကာ ကိုရီးယား ကျွန်းဆွယ် ရေမျက်နှာပြင်တစ်ဝိုက် ရန်သူရေငုပ်သင်္ဘော ထောက်လှမ်းခြင်းကို အဓိကထား လေ့ကျင့်ခဲ့ကြသည်။

တန်ချိန် ၇၀၀၀ရှိ ရေငုပ်သင်္ဘောတွင် တွမ်မဟော့ တိုက်ခိုက်ရေး ဒုံးကျည်များ တပ်ဆင်ထားကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုသည် ပုံမှန် လေ့ကျင့်ခြင်းဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ရေတပ်ဖွဲ့များ၏ အပြန်အလှန်သတင်းဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အသင့်အနေအထားရှိမှုတို့ ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ကြောင်း တောင်ကိုရီးယားရောက် အမေရိကန်ရေတပ်ပြောခွင့်ရှိသူက ဆိုသည်။

ကိုရီးယားရှိ ကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ နီးပါးသည် ကိုရီးယားတပ်ဖွဲ့နှင့်ပူးပေါင်းလေ့ကျင့်မှုကို နှစ်စဉ်နှစ်တိုင်းပြုလုပ်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုသည် ကျူးကျော်ရန်အတွက် လေ့ကျင့်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားဘက်မှ ပြောသည်။

ထိုကဲ့သို့ စွပ်စွဲပြောဆိုလိုက်ချိန်တွင် စစ်ရေးလေ့ကျင့်ခြင်းသည် ၎င်းတို့အား ဆွပေးခြင်းဖြစ်ပြီး တောင်နှင့်မြောက် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ချိန်တွင် စစ်ရေးတင်းမာမှုများကို ရှောင်ရှားရန် ယခုကဲ့သို့ ပြုလုပ်နေခြင်းကို ရပ်ဆိုင်းပေးရန် တောင်းဆိုလိုက်သည်။

အဆိုပါ တောင်းဆိုမှုကို တောင်ကိုရီးယားဘက်မှ ငြင်းဆိုလိုက်ပြီး အစီအစဉ်အတိုင်း ဆက်လက်လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနှင့် အမေရိကန်သည် ကာကွယ်ရေးအတွက် လေ့ကျင့်နေခြင်းဖြစ်ကြောင်း ပြောသည်။

(ပရက်စ်တီဗွီ)

ဘိုကိုဟာရမ်တိုက်ခိုက်မှု လူ ၇၀ သေဆုံး

လေဂို့စ် ဖေဖော်ဝါရီ ၅

နိုင်ဂျီးရီးယားနယ်စပ် ကင်မရွန်းနိုင်ငံ ဖိုတိုကိုမြို့၌ ဘိုကိုဟာရမ်စစ်သွေးကြွတို့ တိုက်ခိုက်မှုကြောင့် လူ ၇၀ ထက်မနည်း သေဆုံးခဲ့သည်။

အဆိုပါ စစ်သွေးကြွများက အိမ်များအတွင်း ရှိနေကြသော အရပ်သားများနှင့်မြို့တွင်းရှိ ဗလီတစ်လုံးတို့ကို တိုက်ခိုက်ခဲ့ပြီး အဆောက်အအုံအများအပြားကိုလည်း မီးရှို့ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဖိုတိုကိုမြို့အနီး နိုင်ဂျီးရီးယားမြို့တစ်မြို့မှ စစ်သွေးကြွများအား မောင်းထုတ်ခဲ့သည်ဟု ဒေသတပ်ဖွဲ့တစ်ဖွဲ့က ပြောကြားအပြီး တစ်ရက်အကြာ အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘိုကိုဟာရမ်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ခြောက်နှစ်အတွင်း လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် လူတစ်သန်းကျော် ဘေးလွတ်ရာထွက်ပြေးခဲ့ရသည်။ ယခုအခါ နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ်တို့၏ ထိန်းချုပ်နယ်မြေ ကျယ်ပြန့်လာသည်။ စစ်သွေးကြွများသည် လူပေါင်းများစွာကို လည်ပင်းလှီး၍သတ်ဖြတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနမှ တွေ့ဆုံမေးမြန်းရာတွင် ဒေသခံများက ပြောသည်။

(ဘီဘီစီ)

ထိုင်းဝန်ကြီးချုပ် ကုန်သွယ်ရေးကိစ္စဆွေးနွေးရန် ဂျပန်နိုင်ငံသို့ သွားရောက်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၅

ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆွေးနွေးရန် ဂျပန်နိုင်ငံသို့ တနင်္ဂနွေနေ့တွင် သွားရောက်မည်ဖြစ်ကြောင်း ထိုင်းအစိုးရအရာရှိများက ပြောကြားသည်။

ပရာယုဒ်၏ သုံးရက်တာခရီးစဉ်အတွင်း ထိုင်းပို့ကုန်များ ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့ရေး၊ ထိုင်းနိုင်ငံတွင် ဂျပန်၏ရင်းနှီးမြှုပ်နှံ မှုတိုးတက်ရေးနှင့် အရှေ့တောင်အာရှဒေသတွင် နိုင်ငံတကာရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းဆိုင်ရာ အကြောင်းအရာများကို တနင်္လာနေ့တွင် စတင်ဆွေးနွေးကြမည်ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်က ဂျပန်လုပ်ငန်းရှင်များအား ထိုင်းနိုင်ငံရှိ ကျောက်မျက်ရတနာ၊ အဝတ်အထည်၊ ရော်ဘာနှင့် မော်တော်ကားထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရန်ဖိတ်ခေါ်မည်ဖြစ်သည်။ ၎င်းက လုပ်ငန်းမှ အငြိမ်းစားယူပြီး ထိုင်းနိုင်ငံတွင် အခြေချနေထိုင်မည့် ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းကိစ္စများနှင့် အခြားဝန်ဆောင်မှုများရရှိ အသုံးပြုနိုင်ရေးအတွက် အသင့်ရရှိနိုင်ပြီဖြစ်ကြောင်းလည်း ပြောကြားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံတွင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိလုပ်ငန်းစီမံကိန်း ၆၇၀ ကျော်တို့တွင် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရသည်။

(ဆင်ဟွာ)

တရုတ်ခရီးသွားများအားဆွဲဆောင်ရန် အထူးဗီဇာမူဝါဒ မလေးရှားရေးဆွဲ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၅

စင်ကာပူမှတစ်ဆင့်မလေးရှားသို့ သွားရောက်မည့် တရုတ်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာမူဝါဒ ရေးဆွဲထုတ်ပြန်လိုက်ကြောင်း မလေးရှားအစိုးရအရာရှိများက ပြောသည်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအန်ယင်ယင်က စင်ကာပူရှိ ခရီးသွားကုန်သွယ်ရေးလုပ်ငန်းများသည် မလေးရှားက တရုတ်ခရီးသွားများအား ဆွဲဆောင်ရန် အထူးဆိုက်ရောက်ဗီဇာများ ထုတ်ပေးမှုကို အခွင့်အရေးအဖြစ် အသုံးပြုခြင်းဖြင့် အခွင့်အလမ်းများ ရရှိလာနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

တရုတ်ခရီးသွားဝင်ရောက်မှုသည် စင်ကာပူဈေးကွက်နှင့် ဆက်နွှယ်မှုရှိပြီး မလေးရှားသို့ လာရောက်ခြင်းမရှိက စင်ကာပူသို့မသွားနိုင်ကြောင်း၊ ထို့ကြောင့် နှစ်ဦးနှစ်ဖက်တိုးတက်မှုရရှိအောင် အစွမ်းကုန်ကြိုးစားနေခြင်းဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

ပြီးခဲ့သည့်နှစ် မတ် ၈ ရက်က မလေးရှားလေယာဉ် MH370 ပျောက်ဆုံးခဲ့မှုကြောင့် မလေးရှားသို့ တရုတ်ခရီးသည်ဝင်ရောက်မှု ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

(ဆင်ဟွာ)

အီဘိုလာဖြစ်ပွားမှု ၂၀၁၅ ခုနှစ်အတွင်း မြင့်တက်

ဂျီနီဗာ ဖေဖော်ဝါရီ ၅

အီဘိုလာရောဂါ အသစ်ထပ်မံဖြစ်ပွားသူအရေအတွက်သည် အနောက်အာဖရိကရှိ အဆိုးရွားဆုံး ဖြစ်ပွားလျက်ရှိသော နိုင်ငံသုံးနိုင်ငံအတွင်း ဇန်နဝါရီလနောက်ဆုံးပတ်တွင်း မြင့်တက်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အီဘိုလာရောဂါဖြစ်ပွားမှုသည် ၂၀၁၅ ခုနှစ်အတွင်း ပထမဆုံးရက်သတ္တပတ်အဖြစ် တိုးလာခဲ့ခြင်းဖြစ်ကြောင်း၊ ဆီရာလီယွန်၌ အသစ်ဖြစ်ပွားမှု ၁၂၄ဦးအနက် ၈၀ အား မှတ်ပုံတင်ထားပြီဖြစ်ကြောင်း၊ ဂီနီတွင် ၃၉ မှုနှင့် လိုက်ဘေးရီးယားတွင် ငါးမှုရှိကြောင်း ဒဗလျူအိတ်ချ်အိုက သတင်းထုတ်ပြန်ထားသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀၀ နီးပါးရှိသွားပြီဟု ဆိုသည်။

အီဘိုလာဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာခြင်းသည် ရောဂါပြန်လည်ဖြစ်နိုင်ဖွယ်ရှိကြောင်းကိုလည်း သိထားပါကြောင်း အီဘိုလာဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်ဒေါက်တာ ဒေးဗစ်နာဘာရိုက ပြောသည်။ ဇန်နဝါရီလ နောက်ဆုံးပတ်က ရောဂါအသစ်ဖြစ်ပွားမှုမြင့်တက်လာခဲ့သော်လည်း မကြာမီပြန်လည်ကျဆင်းသွားနိုင်သည်ဟု ဆိုသည်။

(ဘီဘီစီ)

နိုင်ဂျီးရီးယား၌ ဆိုက်ကပ်ထားသော ဂရိသင်္ဘောကို ပင်လယ်ဓားပြများ ဝင်ရောက်တိုက်ခိုက်

လေဂို့စ် ဖေဖော်ဝါရီ ၅

နိုင်ဂျီးရီးယားတွင် ဆိုက်ကပ်ရပ်နားထားသော ဂရိနိုင်ငံပိုင် လောင်စာဆီတင်သင်္ဘောပေါ်သို့ သေနတ်သမားများ တက်လာပြီး သင်္ဘောသားတစ်ဦးကိုသတ်ကာ သုံးဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ကာလာမော့စ် အမည်ရှိ အဆိုပါ သင်္ဘောသည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက်ရှိ ရေနံတင်ဆိပ်ကမ်းဖြစ်သည့် Qua Lboe ၌ ရေနံတင်ရန် စောင့်ဆိုင်းနေစဉ် ယခုကဲ့သို့ တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

ပင်လယ်ဓားပြများသည် ဂရိနိုင်ငံသား ဒုတိယရေယာဉ်မှူးတစ်ဦးကိုသတ်ဖြတ်ခဲ့ပြီး အခြားဂရိနိုင်ငံသားနှစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဂရိအစိုးရက ပြောကြားခဲ့သည်။

အနောက်အာဖရိကရှိ ဂီနီပင်လယ်ကွေ့ဒေသကို ပင်လယ်ဓားပြများ ကြီးစိုးရာဒေသသစ်အဖြစ် သတ်မှတ်ထားသည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းထိန်းသိမ်းရေးဗျူရို၏ မှတ်တမ်းများအရ လွန်ခဲ့သည့်နှစ် ဇန်နဝါရီနှင့် စက်တင်ဘာလအတွင်း ၎င်းဒေသ၌ လက်နက်ကိုင်ဓားပြမှုနှင့် ပင်လယ်ဓားပြမှု ၃၃ ခု ဖြစ်ပွားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနမှ သတင်းထုတ်ပြန်ထားသည်။

ဂရိရေကြောင်း ပို့ဆောင်ရေး ဒုတိယဝန်ကြီး Thodoris Dritsas က နိုင်ငံတကာနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနများအနေဖြင့် ဓားစာခံများလွတ်မြောက်ရေးအတွက် လိုအပ်သောလုပ်ဆောင်မှုများ ပြုလုပ်ကြရန် ပြောဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ဖော်ပြထားသည်။

ကျန်သင်္ဘောသား ၁၉ ဦးမှာ အသက်အန္တရာယ်မရှိဟု ယူဆရသည်။

(ဘီဘီစီ)

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု ဒုတိယအသုတ် လူတွေ့ဖြေဆိုမည့်သူအမည်စာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၅

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် ပထမအသုတ်လူတွေ့ဖြေဆိုမည့်သူ ၁၄၂ ဦးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၌ စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာထားပြီး ဖြစ်ပါသည်။

ဒုတိယအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၁၇၂ ဦး၏အမည်စာရင်းကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm တွင် ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ပြန်ထားသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ MRTV-4၊ မြဝတီနှင့် Sky Net တို့တွင်လည်း ဖော်ပြမည်ဖြစ်ပါသည်။ ဒုတိယအသုတ်လူတွေ့ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများသည် ကိုယ်ရေးမှတ်တမ်းပုံစံများကို ပညာရေးဝန်ကြီးဌာန Website တွင်ရယူလျက် နောက်ဆုံးအခြေအနေကိုဖော်ပြသော Updated အချက်အလက်များကို ဖြည့်စွက်ကာ scholarmm 2015@gmail.com သို့ ဖေဖော်ဝါရီ ၁၅ ရက်အရောက် pdf. format ဖြင့် အီးမေးလ်ပေးပို့ရပါမည်။ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာ၊ အသေးစိတ်လူတွေ့ဖြေဆိုရန် လာရောက်ချိန်တွင် မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည့် စာရွက်စာတမ်း၊ မူရင်းများနှင့်ကြေညာချက်များကို အဆိုပါ Website တွင် ဖော်ပြမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အီးမေးလ်ဖြင့်လည်း အကြောင်းကြားမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် လျှောက်ထားသူ ၈၀၀ ခန့်အထိ လူတွေ့စစ်ဆေးစေလွှတ်သွားမည်ဖြစ်ပြီး ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ တရုတ်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ပညာရေး)

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီအား ဗမာပြည်သူ့ပါတီ အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၄/၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီအား ဗမာပြည်သူ့ပါတီ (Bamar People's Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၄၆) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ** သည် ယင်းပါတီ၏ အမည်ကို **ဗမာပြည်သူ့ပါတီ (Bamar People's Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ**အား ၅-၂-၂၀၁၅ ရက်နေ့မှစ၍ **ဗမာပြည်သူ့ပါတီ (Bamar People's Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘတ်ငွေ ၅ ဒသမ ၅ ဘီလီယံခန့်လိမ်လည်ထားသည့် စံကျော်ပင်ကုမ္ပဏီအား တရားရုံးတင်စစ်ဆေးမည်

ဗန်ကောက် ဖေဖော်ဝါရီ ၅

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ SUNJAOPING (666) ကုမ္ပဏီတွင် အစုရှယ်ယာဝင်ကြသည့် မြန်မာအလုပ်သမား နှစ်ထောင်ကျော်အား တစ်ဦးလျှင် ဘတ်ငွေတစ်သောင်းနှုန်းဖြင့် စုစုပေါင်းဘတ်ငွေနှစ်ဆယ့်ကိုးသန်း သုံးသိန်း နှစ်သောင်းကိုးထောင့်ငါးရာ ကိုးဆယ့်သုံးဘတ်ကို လိမ်လည်ခဲ့သည့်အမှုကို ဗန်ကောက်မြို့ အယ်ကချိုင်ကင်မနန် ၃၆ ထိပ်တွင်ရှိသော ဝတ်စင်တရားရုံး၌ ဖေဖော်ဝါရီ ၆ ရက်တွင် ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့မှ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

လိမ်လည်ခံခဲ့ရသည့် ထောင်ချီရှိ မြန်မာ အလုပ်သမားများအားလုံး ကြားသိနိုင်ကြရန်အတွက် တရားရုံးပြင်ပ၌ စပီကာ(အသံချဲ့စက်)များ တပ်ဆင်ထားရှိပေးထားမည်ဟု FED အကျိုးဆောင် ထိုင်းရွှေ့နေကပြောသည်။ ယခုဖြစ်စဉ်သည် ထိုင်းနိုင်ငံအတွင်းမြန်မာအလုပ်သမားများထံမှ ငွေအများဆုံးလိမ်လည်သည့်အမှုဖြစ်သဖြင့် ထိုင်းနှင့်မြန်မာသတင်းဌာနတို့ကို ဖိတ်ကြားရန် ရှေ့နေများကဆော်ဩထားကြောင်း သိရသည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်က ဗန်ကောက်မြို့ ဖလန်းဆောင်နယ်မြေ မူဘန်း DK ၂၆ လမ်း၌ရှိသော အဆိုပါကုမ္ပဏီကို ထိုင်းတပ်မတော်အကူအညီဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းလည်းဖြစ် (သတင်းဖော်ပြပြီး)ပြီး ဝင်ရောက်စီးနင်းခိုက် ပိုင်ရှင်သူဌေးသားနှင့် မြန်မာဝန်ထမ်း ၁၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကာ ကုမ္ပဏီပိုင်ရှင်သူဌေးကို ယခုနှစ် ဇန်နဝါရီ ၆ ရက်က ဖမ်းဆီးခဲ့ပြီး အာမခံမပေးသဖြင့် ယခုအခါ အချုပ်ထောင်အတွင်းရှိနေဆဲဖြစ်သည်။

ဖြစ်စဉ်အမှုတွဲကို ကိုင်တွယ်သူ MAT အဖွဲ့ အတွင်းရေးမှူး ကိုခိုင်ကြီးက "ဒီကုမ္ပဏီကို ဖမ်းဆီးနိုင်ဖို့ ကျွန်တော်တို့ အတော်ကြိုးစားခဲ့ရပါတယ်။ ထိုင်းရဲတပ်ဖွဲ့ကလည်း လက်ရှောင်တယ်။ နောက်ဆုံး ကျွန်တော်တို့ ရာပေါင်းများစွာသော အလိမ်ခံရတဲ့ အလုပ်သမားတွေမြန်မာ သံရုံးအနားမှာ ဆန္ဒထုတ်ဖော်တော့ ထိုင်းတပ်မတော်က တာဝန်ရှိသူတွေ ရောက်လာတယ်။ အဲဒီကအရာရှိတွေက ကျွန်တော်တို့ကို Economic Crime Suppression Division ကို ပို့ပေးခဲ့တယ်။ တရားရုံးမှာ တရားစွဲဆိုနိုင်အောင် ထိုင်းရှေ့နေ နှစ်ယောက်သုံးယောက်နဲ့ ဝိုင်းလုပ်ကြရပါတယ်။ ဘာပဲပြောပြော နောက်ထပ်မြန်မာအလုပ်သမားတွေ အလိမ်မခံရတော့ဘူးပေါ့ဗျာ" ဟု ပြောသည်။

တရားရုံးသို့ မြန်မာအလုပ်သမားပေါင်း ၇၀၀ ကျော်ခန့် ရောက်ရှိလာကြလိမ့်မည်ဟု MAT ရုံးအဖွဲ့က ပြောကြားထားပြီး ငါးလအတွင်း အကျိုးအမြတ်ဖြစ်မည်ဆိုသည့် ဆွဲဆောင်မှုဖြင့် အလုပ်သမားထောင်ချီရှိသည့်မြန်မာအလုပ်သမားများထံမှ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၅ ဒသမ ၅ ဘီလီယံခန့် လိမ်လည်ထားသည့် စံကျော်ပင်ကုမ္ပဏီ SUNJAOPING. Ltd အား ထိုင်းတပ်မတော်၊ ရာဇဝတ်မှုတိုက်ဖျက်နှိမ်နင်းရေး အထူးရဲတပ်ဖွဲ့ (Economic Crime Suppr-ession Division) မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ထိုင်းနိုင်ငံတောင်ပိုင်း အခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED နှင့် MAT အဖွဲ့တို့က ပူးပေါင်းနှိမ်နင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စိုးဝင်း(SP)

သဲတင်ကားကြောင့် တန်နှင့်ဝန်အားမမျှ၍ တံတားကျိုး

ကော့ကရိတ် ဖေဖော်ဝါရီ ၅

ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့ မွေးမြူရေးဇုန်သို့ ဆက်သွယ်သော တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သည့် ကုန်၊ ယာဉ်နှစ်တန်သာ ဖြတ်သန်းခွင့်ပြုထားသော တံတားပေါ်သို့ မြို့နယ်ဆောက်လုပ်ရေးမှ သဲတင်ကားအမှတ် 6G/ ---- က စည်းကမ်းမဲ့ဖြတ်သန်းရာ ဝန်နှင့်အားမမျှ၍ တံတားကျိုးကျပျက်စီးသွားသည်။ တံတားကျိုးကျမှုကြောင့် မွေးမြူရေးဇုန်၌ နေထိုင်ကြသူများနှင့် ယာဉ်များသွားလာမှု ပြတ်တောက်သွားသည်။ နောက်နောင် ထိုကဲ့သို့မဖြစ်ပွားစေရေးအတွက် တရားဥပဒေအရ တိကျစွာအရေးယူစေလိုကြောင်း မွေးမြူရေးဇုန်၌ နေထိုင်သူတစ်ဦးက ပြောကြားသွားသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးရုံးမူမှ စင်ကာပူနိုင်ငံတွင်ကျင်းပမည့် ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှခြင်းလုံးခတ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ခြင်းလုံးအသင်း အောင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀ လှူဒါန်းခြင်းသည် မြန်မာတို့၏ ရိုးရာအားကစားအား ရေရှည်တည်တံ့အောင်မြင်စေရန် အားပေးချီးမြှင့်ခြင်းကို အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်

(၆ ၈) နှ စ် မြော က် ပြ ည် ထော င် စု နေ့ အ ကြို ဂု ဏ် ပြု ဆော င် း ပါ း

ပြည်ထောင်စုနေ့ ဘာကြောင့်ပေါ်ပေါက်လာခဲ့ရသလဲ

တက္ကသိုလ်စိန်တင်

၁၂-၂-၂၀၁၅ ရက်နေ့သည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ လွန်ခဲ့သော (၆၈)နှစ်ကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းတောင်တန်းတစ်နေရာရှိ ပင်လုံမြို့ကလေး၌ မြန်မာပြည်မမှ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘုရင်ခံအမှုဆောင်ကောင်စီ၊ ဒုတိယဥက္ကဋ္ဌ(နန်းရင်းဝန်)ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရှမ်း၊ ချင်း၊ ကချင်တိုင်းရင်းသား ခေါင်းဆောင်တို့သည် ပြည်ထောင်စုသွေးစည်းညီညွတ်ရေး၊ တိုင်းရင်းသားပေါင်းစုံလက်တွဲ ပေါင်းစည်းသည့်သာဓက "ပင်လုံစာချုပ်"ကြီးကို ချုပ်ဆိုလက်မှတ်ထိုးနိုင်ခဲ့သည်။

ဤတွင် ယခုခေတ်လူငယ်တို့အဖို့ မေးခွန်းထုတ်စရာဖြစ်လာလေပြီ။ ပြည်ထောင်စုနေ့ဆိုတာဘာလဲ။ ပင်လုံစာချုပ်ဆိုတာဘာလဲ။ ပြည်ထောင်စုနေ့နှင့် ပင်လုံစာချုပ်တို့ အဘယ့်ကြောင့် ပေါ်ပေါက်လာခဲ့ရသလဲ။

အမေးရှိက အဖြေရှိရချိမ့်မည်။

ဖြေဆိုမည်ဆိုပါက အနည်းငယ်ဖြင့် စကားလက်တံရှည်ရပေတော့အံ့။ ဒါမှလည်း ပြည့်စုံလုံလောက်သော အဖြေကိုရမည်ဖြစ်ပေသည်။

ပြည်ထောင်စုနေ့ ၁၂-၂-၄၇ ရက်နေ့နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်က ထုတ်ဝေထားသော မြန်မာ့စွယ်စုံကျမ်း အတွဲ(၇) စာမျက်နှာ ၁၅၂ တွင် ဤသို့ ညွှန်းဆိုရှင်းလင်းဖော်ပြထားသည်။

ပြည်ထောင်စုနေ့။ ။ ပြည်ထောင်စုနေ့ဟူသော ဝေါဟာရစကားသည် ခံ့ညားထည်ဝါသော အဓိပ္ပာယ်ကိုဆောင်သည်နှင့်အမျှ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါအရာရောက်သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေ့ထူးနေ့မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အုတ်မြစ်ချပေးလိုက်သော နေ့လည်းဖြစ်ပေသည်။

မြန်မာ့သမိုင်းတစ်လျှောက်လုံး၌ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဤမင်းသုံးပါး၏ လက်ထက်တွင်သာ မြန်မာတစ်နိုင်ငံလုံး၊ တစ်ပေါင်းတစ်စည်းတည်းရှိခဲ့ဖူးသည်။ ဗြိတိသျှအစိုးရလက်အောက်တွင်မူ တိုင်းရင်းသားများအား ခွဲခြားအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပရိယာယ်ကြောင့် တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီးမရှိဘဲ သွေးကွဲမှုများရှိခဲ့သည်။ ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ရေးကို အနှစ် ၇၀ မျှ ကာလပတ်လုံး အမျိုးမျိုးအဖုံဖုံကြိုးပမ်းရာ၌ လွင်ပြင်သားနှင့် တောင်တန်းသားတို့ တစ်ကြိမ်မျှ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်မရှိပေ။ သို့သော် မြန်မာနိုင်ငံ၌ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြရာတွင်မူ တိုင်းရင်းသားအားလုံး ညီညွတ်ခဲ့ကြသည်။ ပြည်နယ်၊ ပြည်မ၊ သွေးစည်းပူးပေါင်း၍ ဖက်ဆစ်ဂျပန်၏ရန်ကို တိုက်ထုတ်နိုင်ခဲ့ကြပေသည်။

ယနေ့အချိန်အခါ၌ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးကို အစိုးရ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူ လူထုတစ်ရပ်လုံး စုရုံးညီညွတ်လျက် လက်တွဲချီတက်ရန် ကြိုးပမ်းနေချိန်ဖြစ်သည်။

ဖက်ဆစ်ဂျပန်တို့လက်အောက်မှ လွတ်မြောက်ပြီးနောက် မြန်မာ့လွတ်လပ်ရေးရရှိရေး ဆက်လက်ကြိုးပမ်းသည့်အခါတွင်လည်း လွင်ပြင်သား၊ တောင်တန်းသား မခွဲခြားဘဲ တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်မှုကို ရှာကြံခဲ့ကြပေသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုကြောင့် မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်းနိုင်သည့် အချိန်အခါသို့ ဆိုက်ရောက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်ဆွေးနွေးကြစဉ်က မြန်မာပြည်မကြီးရော၊ တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဗြိတိသျှအစိုးရကမူ မြန်မာပြည်မကိုသာ လွတ်လပ်ရေးပေးပြီး တောင်တန်းဒေသကို ဆက်လက်အုပ်ချုပ်ထားရန် အကြံအစည်ရှိခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့က တောင်တန်းဒေသမပါသော လွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်မရှိသော လွတ်လပ်ရေးဖြစ်သဖြင့် တောင်တန်းဒေသများကို ပြည်မကြီးနှင့် တစ်ပြိုင်နက်တည်း လွတ်လပ်ရေးပေးရန် အရေးဆိုခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှအစိုးရက **တောင်တန်းဒေသများသည် ပြည်မကြီးနှင့် ပေါင်းစည်းရန် သဘောတူပါလျှင်** ပြည်မကြီးရော၊ တောင်တန်းဒေသပါ တစ်ပါတည်း လွတ်လပ်ရေးပေးမည်၊ ပြည်မနှင့် တောင်တန်းသားများ ပူးပေါင်းဆောင်ရွက်ရေးကို တောင်တန်းသားများက သူတို့ဘာသာ ဆုံးဖြတ်ပါစေဟု သဘောသက်ဝင်သော အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် လန်ဒန်မြို့မှ ရန်ကုန်မြို့သို့ ပြန်ရောက်ပြီးနောက် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရှမ်းတောင်တန်း **ပင်လုံမြို့ကလေးရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးညီလာခံ**သို့ တက်ရောက်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် တိုင်းရင်းသားများနှင့် ပြည်မခေါင်းဆောင်များ တစ်စိတ်တစ်ဝမ်းတည်း သွေးစည်းညီညွတ်မှုကို ရရှိခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားကိုယ်စားလှယ် ၂၁ ဦးတို့သည် တောင်တန်းဒေသနှင့် ပြည်မဒေသတို့ ပေါင်းစည်းညီညွတ်ရေး ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြလေသည်။ ယင်းသို့ တစ်ပြည်ထောင်လုံးရှိ တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်မှု ပြသနိုင်ခဲ့သောနေ့ရက်ကို **"ပြည်ထောင်စုနေ့"**ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ ဗြိတိသျှအစိုးရသည်လည်း **ပြည်မကြီးရော တောင်တန်းဒေသများပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန်** သဘောတူညီခဲ့ရလေသည်။

ယနေ့အချိန်အခါ၌ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးကို အစိုးရ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတစ်ရပ်လုံး စုရုံးညီညွတ်လျက် လက်တွဲချီတက်ရန် ကြိုးပမ်းနေချိန်ဖြစ်သည်။ United We stand, Divided We Fall ဆိုသော အနောက်တိုင်းစကားပုံအရသော်လည်းကောင်း၊ စည်းလုံးခြင်းသည် အင်အားဆိုသော မြန်မာစကားဆိုထုံးအရသော်လည်းကောင်း၊ ရှေ့သို့ချီကြရမည့် ဒီမိုကရေစီခရီးရှည်ကြီး၌ အမျိုးသား ရင်ကြားစေ့ရေးနည်းဗျူဟာကို ပိုင်နိုင်စွာ ကျင့်သုံး၍ သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း၊ ချွန်းကဲ့သို့ အုပ်ကာ၊ လျှောက်လှမ်းသွားကြရန် လွန်စွ လွန်စွာအရေးကြီးနေချိန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရှေ့သို့ချီရမည့် ဒီမိုကရေလမ်းဝယ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုစဉ်က ထားရှိခဲ့သည့် ဥမကွဲ သိုက်မပျက်၊ တိုင်းရင်းသားပေါင်းစုံတို့ ညီညွတ်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ကို မပြတ်ခိုင်မာ၊ စွဲကိုင်သွားကြရန် အထူးလိုအပ်လှချေသည်။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ခိုင်မာ၊ နှစ်ပေါင်းကမ္ဘေကမ္ဘာ တည်မြဲညီညွတ်၊ အောင်မြင်ပါစေသတည်း။

ကျောက်စိမ်းတုံးကြီး၊ တုံးငယ်၊ အရွယ်အစားအမျိုးမျိုး အိမ်စီးယာဉ်ငယ်ပေါ်မှ သိမ်းဆည်းရမိ

နောင်ချို ဖေဖော်ဝါရီ ၅

နောင်ချိုမြို့ စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်ပစ္စည်းတားဆီးထိန်းချုပ်ရေးအဖွဲ့မှ လှုပ်ရှားအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၃ နာရီက မန္တလေးမြို့မှ မူဆယ်ဘက်သို့ အိမ်စီးယာဉ်ငယ် အိုင်ပီဆမ်အမျိုးအစား အဖြူရောင်ယာဉ် 6C/----- အား ရပ်တန့်စစ်ဆေးရာ ယာဉ်ငယ်ပေါ်တွင် ခေါင်းခန်းနှင့် ယာဉ်နောက်ခန်းတွင် အဝတ်အစားများ ဖုံးအုပ်ကာ တင်ဆောင်လာသည့် ကျောက်စိမ်းတုံးဟု ယူဆရသော ကျောက်စိမ်းတုံး၊ အရွယ်အစားမျိုးစုံတို့ကို သိမ်းဆည်းရမိသည်။ သိမ်းဆည်းရမိသော ကျောက်စိမ်းတုံးများအား အလေးချိန်တန်ဖိုးကျသင့်ငွေ စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

(ဝ၆၁)

ကလေးများနေ့အထိမ်းအမှတ် အားကစားပြိုင်

ပုသိမ်ကြီး ဖေဖော်ဝါရီ ၅

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင်ကျရောက်မည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ကလေးများနေ့ အကြိုဟောပြောပွဲကို အောင်ဇမ္ဗူခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှက အမှာစကားပြောကြားသည်။ ဆက်လက်၍ အလယ်တန်းပြဆရာမ ဒေါ်ခင်မြမြလေးက "ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဒေါ်ညွန့်ညွန့်ဝင်းက "ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး ကြိုးပမ်းမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက နှစ်ယောက်တွဲ ခြေပူးပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက် ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားအပြေးပြိုင်ပွဲ၊ သံပရာသီးရှာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင်အသင်း၌ အခြေခံနိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်လျက် the 7th Horizon Open Table Tennis Championship 2015 စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေခင်းသာမြို့ပတ်လမ်းအမှတ် (၂၃၅) သန်လျင်တံတားအနီးရှိ Horizon International School (Shukhinthar Campus)၌ကျင်းပရာမြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ၊ Horizon International School မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီး (၁၂နှစ်)အောက်ပြိုင်ပွဲတွင် ယဉ်ဝေခိုင် (အထက-၁ဒဂုံ)၊ အမျိုးသား (၁၂နှစ်)အောက်ပြိုင်ပွဲတွင် လူမော်ဦး (ILBC)၊ အမျိုးသမီး(၁၅)နှစ်အောက်ပြိုင်ပွဲတွင် မှူးသိမ့်သိမ့် (ရန်ကုန်အကယ်ဒမီ)၊ အမျိုးသားပြိုင်ပွဲတွင် စွမ်းပြည့်ထွန်း(အထက-၁ဒဂုံ)၊ အမျိုးသား (၁၈)နှစ်အောက် ပြိုင်ပွဲတွင် စိုးမင်းဦး (အထက-၁ဒဂုံ)၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် မာမာစိုး (MICB)၊ အမျိုးသား 3rd Class Open ပြိုင်ပွဲတွင် အောင်ဝင်း၊ 2nd Class Open ပြိုင်ပွဲတွင် မင်းနိုင်ဦး၊ 1st Class Open ပြိုင်ပွဲတွင် သက်ကိုကိုလတ်၊ အမျိုးသား (၄၅)နှစ် Open ပြိုင်ပွဲတွင် လှမျိုးခိုင်၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် စိုးမင်းဦးနှင့် ကြည်မြင့်အတွဲတို့က အသီးသီး ဗိုလ်စွဲသွားကြပြီး တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် အရအသုံးဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်သည့် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ ပထမခြောက်လပတ်လျာထားချက် ယာယီရငွေနှင့် ယာယီသုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှု၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချို့ သာမန်အသုံးစရိတ် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ရသည့်အကြောင်းအရင်းများနှင့် လျော့နည်းသုံးစွဲခဲ့သည့်အကြောင်းအရင်း၊ ပြည့်မီကျော်လွန်သည့်အကြောင်းအရင်း၊ ယာယီသုံးငွေအခြေအနေ၊ လျော့နည်းသုံးစွဲခဲ့သည့် ဝန်ကြီးဌာနများ၏ အကြောင်းအရင်းများ၊ ကြွေးမြီအသုံးစရိတ်တွင် လျာထားချက်ထက် ကျော်လွန်သုံးစွဲခဲ့သည့်ဝန်ကြီးဌာနများ၏ အကြောင်းအရင်းများနှင့် လျော့နည်းသုံးစွဲခဲ့သည့်ဝန်ကြီးဌာနများ၏ အကြောင်းအရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ပေးပို့လာသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များဖြစ်သည့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှုနှုန်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကနှင့် သမဝါယမကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပုဂ္ဂလိကနှင့် မေခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပအထောက်အပံ့ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပေးပို့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အရအသုံးစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းအစီရင်ခံစာ (၃/၂၀၁၅)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စိစစ်တွေ့ရှိချက်များအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ပိုလျှံငွေများကို သတ်မှတ်ရက် မအပ်နှံသည့် ပျက်ကွက်သောအဖွဲ့အစည်းများကို အရေးယူဆောင်ရွက်ရန် စိစစ်သင့်သည်ဟု ပါရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက မည်သို့ အရေးယူဆောင်ရွက်မည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေ ပြန်လည်အပ်နှံမှုသည် ပျမ်းမျှ ၁ ဒသမ ၅ ရာခိုင်နှုန်း ရှိနေသည့်အတွက် မြေပြင်ရှိအခြေအနေမှန်ကို မသိရှိနိုင်ပါကြောင်း၊ လှည့်ပတ်ရန်ပုံငွေ နောက်ဆုံးထား စာရင်းပိတ်သိမ်းရန် လမ်းညွှန်ထားပြီးဖြစ်သော်လည်း အချို့ဝန်ကြီးဌာနများမှာ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ခြင်းမရှိသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို အသိပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲသူများကို ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးလင်းရေးနှင့် သက်ဆိုင်သည့်မေးခွန်း၊ အဆိုတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **"ချောက်မြို့နယ်၊ ဆာလည်ရွာတစ်ဝိုက်တွင် ပုဂံခေတ်ရှေးဟောင်းအဆောက်အအုံပေါင်း ၄၅ ဆူရှိရာ ခရီးသွားဧည့်သည်များ တိုးချဲ့ပို့ဆောင်နိုင်ရန်အတွက် ပေ ၁၂၀၀ ခန့်ကွာဝေးသော ကျန်စစ်စေတီမှ လျှပ်စစ်မီး ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချောက်မြို့နယ် ဆာလည်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ရေနံချောင်းလက်မှတ်ကုန်း ဓာတ်အားခွဲရုံ၏ စက်မှုဇုန်ဓာတ်အားလိုင်းမှ ဓာတ်အားရယူထားသည့် ကျန်စစ်စေတီမှ ကေဗွီလိုင်း ၁ မိုင်ခွဲ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ပြီး ၁၁ ကေဗွီ ဗို့အားအဆင့် ဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်း၊ အဟောင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရန်ပုံငွေတောင်းခံဆောင်ရွက်လျက်ရှိရာ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **"ဂန့်ဂေါမြို့နယ်ရှိ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးလင်းရေးအတွက် စီမံဆောင်ရွက်ပေးသည့် နည်းလမ်းများအတိုင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဂန့်ဂေါမြို့နယ်တွင် ကျေးရွာ ၇၁ အုပ်စု၊ ကျေးရွာပေါင်း ၁၁၃ ရွာရှိပြီး ကျောအရှေ့၊ ကျောအနောက်ကျေးရွာ ခြောက်ရွာကို ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးလျက်ရှိပြီး ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ကျေးရွာ ၁၀၁ ရွာကို မီးလင်းပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား သုံးစွဲသူများကို ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အဓိကထား အစီအမံဖြင့်ဆောင်ရွက်နေပြီး ခွဲဝေရရှိသည့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး အပိုင်းလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ မဟာ

စာမျက်နှာ ၉ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ရန်ကုန်မြို့တော်အတွင်း ရေကြီးရေလျှံမှုမဖြစ်ရေး လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်နေပြီး ပြည်ထောင်စုအစိုးရ၏လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး အဝိုင်းကျေးရွာနှင့် ရန်ကုန်-မန္တလေး လမ်းမကြီးဆက်သွယ်သော ဂဝံလမ်း အဆင့်မြှင့်တင်ပေးရေး၊ ရန်ကုန်မြို့ ရေကြီးရေလျှံမှု စီမံကိန်းချမှတ်ဆောင်ရွက်ပေးရေး၊ မဏိပူရဲဆည် ဆက်လက်တည်ဆောက်ပေးရေး၊ သနပ်ပင်မြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေး၊ ရသေ့တောင်မြို့နယ်၌ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှု အခက်အခဲများကို အခြားအာဆီယံနိုင်ငံများကဲ့သို့ ထိရောက်သည့် စီမံကိန်းကြီးတစ်ရပ် ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရန်ကုန်မြို့တော်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးအတွက် ရေတိုကာလ လုပ်ငန်းစဉ်အနေဖြင့် ယခင်ရေမြောင်းအဟောင်းများကို ပြုပြင်မွမ်းမံ တိုးချဲ့ပြင်ဆင်ခြင်း၊ မြစ်ထွက်ပေါက်များနှင့် ချောင်းကြီးများတွင် ရေတံခါးများတပ်ဆင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရေလတ်ကာလလုပ်ငန်းစဉ်များအနေဖြင့် ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် လိုအပ်သော အခြေခံအချက်အလက်များရရှိရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်း ခြောက်မြို့နယ်နှင့် ဆက်စပ်မြို့နယ်များမှ ပြင်ပဝင်ရေမရှိသော မြို့တွင်းသုံးမြို့နယ်ကို ပထမဦးစားပေးအဖြစ် Preliminary Survey ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များ၏ အခြေခံမြစ်ထွက်ပေါက်များပေါ် မူတည်၍ အပိုင်းလိုက်ခွဲကာ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ရေရှည်ကာလ လုပ်ငန်းစဉ်အနေဖြင့် အထက်ပါအချက်အလက်များအပေါ် အခြေခံ၍ ပိုမိုတိုးချဲ့ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ဆောင်ရွက်သင့်သောဌာနများကို ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပုံစံဒီဇိုင်းများပြုလုပ်ခြင်း၊ ခန့်မှန်းကုန်ကျငွေများ တွက်ချက်ခြင်းကို လမ်းညွှန်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သုံးစွဲကုန်ကျမည့် ဘဏ္ဍာငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျခံနိုင်ခြင်းမရှိပါက နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရေးနှင့် နည်းပညာရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်းက ယခု ဥပဒေပြဋ္ဌာန်းပြီး အစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာများ၊ ငွေကြေးအရင်းအနှီးများ၊ ဈေးကွက်ရရှိမှုများတွင် ပံ့ပိုးပေးခြင်း၊ ချိတ်ဆက်ပေးခြင်း၊ လမ်းပြပေးခြင်းများ ဆောင်ရွက်ပေးမည်ဆိုပါက အိမ်နီးချင်းနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည့်အပြင် ဥရောပအထိလည်း ဈေးကွက်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ၌ သွားရောက်လုပ်ကိုင်နေရသော မိမိနိုင်ငံသားများသည်လည်း ယခုပြဋ္ဌာန်းပေးသော အသေးစား၊ အလတ်စားဥပဒေ၏ အခွင့်အရေးများကို သိရှိသည်နှင့်အမျှ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး နိုင်ငံတကာ၌ လုပ်ကိုင်ခဲ့သော နည်းပညာ၊ အတွေ့အကြုံတို့ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာနိုင်ကြမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက နိုင်ငံတစ်ခုသည် လူလတ်တန်းစားများ ကြီးပွားချမ်းသာလာမှ၊ လူလတ်တန်းစားများပေါ်များလာမှ ဆင်းရဲသည့်နိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၅ သို့

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မည်သို့ပင်သယံဇာတများ ပေါကြွယ်ဝသော်လည်း စနစ်တကျထုတ်ယူသုံးစွဲနိုင်ခြင်းမရှိပါက အချိန်မတိုင်မီ ကုန်ဆုံးသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့မဖြစ်စေရအောင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရန်လိုအပ်ပါကြောင်း၊ ရရှိလာမည့်ငွေကြေးနှင့်နည်းပညာများကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ရေတိုရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စနစ်တကျစီမံခွဲဝေ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိအောင်၊ အလွဲသုံးစားမှုများမဖြစ်အောင် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများအား စနစ်တကျဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံနှင့်အဖွဲ့အစည်းများမှ ပေးအပ်သည့်အကူအညီ (Grant) ရရှိမှုအနေဖြင့် စီမံချက် ၅၆၂ ခုအတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၉၅၄ ဒသမ ၄၂၀ တွင် ၁၄၇၀ ဒသမ ၃၂၇ ရရှိပြီးဖြစ်ပါကြောင်း။

အကူအညီရရှိသည့် ကဏ္ဍနယ်ပယ်များမှာ ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း၊ လူမှုရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်၊ သဘာဝဘေးအန္တရာယ်၊ စာရင်းအင်း၊ မွေးမြူရေး၊ ငွေကြေး၊ အားကစား၊ စွမ်းအင်နှင့်မြေရရှိရေးတို့ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ယခုအစိုးရလက်ထက် ချေးငွေပမာဏအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၈၅၂ ဒသမ ၉၂၈ ဖြစ်ပြီး ၁၅၀ ဒသမ ၇၃၄ ရရှိပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ညှိနှိုင်းဆဲစီမံချက်များမှ ကဏ္ဍအလိုက် ချေးငွေရရှိမည့်နယ်ပယ်များမှာ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ ငွေကြေး၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျေးလက်တို့ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရအနေဖြင့် ၂၀၁၁ ခုနှစ်၊ မတ်လမှစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်း နိုင်ငံတကာအသိုက်အဝန်းနှင့်ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံကို ကဏ္ဍနယ်ပယ်များစွာတို့၌ ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေ၊ အထောက်အပံ့နှင့် နည်းပညာ/ကျွမ်းကျင်မှု အကူအညီများ တိုးမြှင့်ပေးအပ်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် မှစ၍ မြန်မာနိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum) ကို နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်အတွင်း တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပထမအကြိမ်ဖိုရမ်တွင် ချမှတ်ခဲ့သည့်"ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်" ပါ အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ပူးတွဲကတိကဝတ်များနှင့်အညီ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားအကူအညီ အထောက်အပံ့များကို တိုးတက်ရရှိလာခဲ့သော်လည်း နိုင်ငံ၏ နယ်ပယ်ကဏ္ဍနှင့် ဒေသအသီးသီး၏ လိုအပ်မှု အတိုင်းအတာနှင့် နှိုင်းစာလျှင် လိုအပ်ချက်များ အများအပြား ရှိနေဆဲပင်ဖြစ်ပါကြောင်း။

ရရှိသည့် ဖွံ့ဖြိုးမှုအကူအညီများကို ထိရောက်စွာ အသုံးပြုရာတွင် နိုင်ငံတော်၏ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးနိုင်ရေး၊ သန့်ရှင်းသည့်သောက်သုံးရေ၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများနှင့် ကိုက်ညီမှုရှိရန်၊ ကဏ္ဍအလိုက် ဒေသအလိုက်လုပ်ငန်းစီမံကိန်းများနှင့် လိုက်လျောညီထွေ အထောက်အကူပြုနိုင်စေရန်၊ လုပ်ငန်းများအချင်းချင်း ထပ်နေသည်များ၊ လစ်ဟာနေသည်များ မရှိရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များအကြား အချိုးညီမျှစွာ ဖွံ့ဖြိုးရေးဟူသည့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနှင့်အညီ ဒေသများအကြား မျှတစွာ ဖြန့်ကြက်လုပ်ဆောင်နိုင်ရန် အထူးအလေးထားလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးစီးသည့်အခါတွင် စီမံကိန်းများ လုပ်ဆောင်ခြင်းဖြင့် ရရှိရန်မျှော်မှန်းထားသည့် ရလဒ်များ၊ output နှင့် outcome များကိုသာမကြည့်ဘဲ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအပေါ် အမှန်တကယ် သက်ရောက်အကျိုးရှိသွားမှု အတိုင်းအတာကိုပါ သေချာစွာစဉ်းစားဆောင်ရွက် လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်များ၊ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်ထိရောက်မှုရှိရန်အတွက် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း (Monitoring and Evaluation -M&E)တို့သည် အထူးအရေးပါသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း စနစ်တကျ လုပ်ဆောင်သွားရန် တိုက်တွန်းလိုပါကြောင်း။

ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းသည် မိမိတို့နိုင်ငံ၏ အမျိုးသားအဆင့်ဖွံ့ဖြိုးမှုစီမံကိန်းများအရ ဆီလျော်မှုရှိ/မရှိ ဆောင်ရွက်မည့် စီမံကိန်း၏ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာတို့အပေါ် သက်ရောက်မှုအတိုင်း အတာ ရှိ/မရှိ၊ ထိရောက်မှု ရှိ/မရှိ၊ စွမ်းဆောင်ရည် မြင့်မားခြင်းရှိ/ မရှိ၊ စဉ်ဆက်မပြတ် ရေရှည်တည်တံ့အောင် လုပ်ဆောင်နိုင်မည့်အခြေအနေ ရှိ/မရှိ စသည့်အချက်များကို အသေအချာစဉ်းစားပြီးမှ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တာဝန်ယူလုပ်ဆောင်သွားရမည့် ကျန်ရှိသည့်ကာလအတွင်း၌ ဆောင်ရွက်နေဆဲလုပ်ငန်းများကို ပြီးပြတ်လက်စသတ်နိုင်ရန်နှင့် အသစ်စတင်မည့် လုပ်ငန်းများဖြစ်ပါက ကျန်ရှိသည့် ကာလအတွင်း၌ပင် ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းကာလအတွင်း အပြီးဆောင်ရွက်နိုင်မည်မဟုတ်ဘဲ ကာလရှည် လုပ်ဆောင်သွားရမည့် စီမံကိန်းမျိုးဖြစ်ပါက မှန်ကန်ခိုင်မာသည့် အခြေခံအုတ်မြစ်များ စတင်ချထားပေးနိုင်ခဲ့ပြီး ဆက်လက်တာဝန်ယူဆောင်ရွက်မည့်သူများကို စနစ်တကျ လွှဲပြောင်းပေးနိုင်အောင် စဉ်းစားဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တင်ပြစဉ်။ (သတင်းစဉ်)

> အစိုးရအနေဖြင့် တာဝန်ယူလုပ်ဆောင်သွားရမည့် ကျန်ရှိသည့်ကာလအတွင်း၌ ဆောင်ရွက်နေဆဲလုပ်ငန်းများကို ပြီးပြတ်လက်စသတ်နိုင်ရန်နှင့် အသစ်စတင်မည့် လုပ်ငန်းများဖြစ်ပါက ကျန်ရှိသည့် ကာလအတွင်း၌ပင် ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်
>
> ကာလရှည် လုပ်ဆောင်သွားရမည့် စီမံကိန်းမျိုးဖြစ်ပါက မှန်ကန်ခိုင်မာသည့် အခြေခံအုတ်မြစ်များ စတင်ချထားပေးနိုင်ခဲ့ပြီး ဆက်လက်တာဝန်ယူ ဆောင်ရွက်မည့်သူများကို စနစ်တကျ လွှဲပြောင်းပေးနိုင်အောင် စဉ်းစားဆောင်ရွက်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၃/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍

မိဘပြည်သူများသို့ မေတ္တာရပ်ခံ ပန်ကြားချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများအပိုင်းမှလည်း တာဝန်သိသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်သင့်သလောက် အောင်မြင်မှုများရရှိခဲ့ကြပါသည်။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ မိမိတို့နိုင်ငံအနေဖြင့် ဆူပူအကြမ်းဖက်မှုများကြောင့် တိုင်းပြည် မတည်မငြိမ်ဖြစ်ခဲ့ရပြီး အဘက်ဘက်မှဆုံးရှုံးနစ်နာမှုများ ကမ္ဘာ့အလယ်တွင် မျက်နှာပျက်စရာများကို မိမိတို့နိုင်ငံအနေဖြင့် ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။

၄။ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် နိုင်ငံသားတိုင်းသည် လွတ်လပ်မှုနှင့်အတူ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်များကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ပါသည်။

၅။ ယခုအခါ အမျိုးသားပညာရေးဥပဒေကိုအကြောင်းပြုပြီး နေရာဒေသအချို့တွင် ဥပဒေနှင့်မညီညွတ်သော ဆန္ဒပြမှုများပြုလုပ်နေကြပါသည်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ကျောင်းသားများ၏ စစ်မှန်သောပညာရေးဆိုင်ရာ ဆန္ဒများကိုမိမိတို့အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်သို့တင်ပြ၍ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ပညာရေးဆိုင်ရာကိစ္စကို အကြောင်းပြုပြီး ဆူပူမှုများဖြစ်ပေါ်လာစေရန် ကျောင်းသားလူငယ်များကိုအသုံးချ၍ ကျောင်းသားအမည်ခံသူများ၊ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများ၊ အားပေးအားမြှောက်ပြုနေသည့် နိုင်ငံရေးအဖွဲ့အစည်းအချို့ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိရပါသည်။

၇။ သို့ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လိုလားကြသော ရဟန်းရှင်လူ ပြည်သူများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမျိုးစုခေါင်းဆောင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မိမိတို့အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ပညာရေးဝန်ကြီးဌာန၏ ကြေညာချက်

၁။ အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဆန္ဒပြနေမှုများရှိနေသဖြင့် မိဘပြည်သူများသည် မိမိတို့ရင်သွေး ကျောင်းသား ကျောင်းသူများ၏စာမေးပွဲများအတွက် စိုးရိမ်ကြောင့်ကြမှုရှိနေကြကြောင်း သိရှိနေရပါသည်။

၂။ အေးချမ်းစွာ ပညာသင်ကြားရေးနှင့် အမျိုးသားပညာရေး မြင့်မားတိုးတက်ရေးဦးတည်လျက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေး လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြုစုတင်ပြရန် ပြန်လည်ပေးပို့လာသည့်အတွက် ညှိနှိုင်းပြင်ဆင်ပေးပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်အသီးသီးနှင့် အခြေခံပညာကျောင်းများတွင်ကျင်းပမည့်စာမေးပွဲ၏ အချိန်စာရင်းကို ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တက္ကသိုလ်အသီးသီး၏စာမေးပွဲများကို လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်းကောင်း၊ အဋ္ဌမတန်းနှင့် စတုတ္ထတန်းစာမေးပွဲများကိုလည်းကောင်း ထုတ်ပြန်ကြေညာထားသည့်အတိုင်း မပျက်မကွက် စစ်ဆေးသွားမည်ဖြစ်ပါသည်။

၄။ မိဘပြည်သူများအနေဖြင့် မိမိတို့ရင်သွေး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားရေးနှင့် စာမေးပွဲများ ချောမောစွာဖြေဆိုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လေးစားစွာတင်ပြအပ်ပါသည်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

ဓာတ်အားလိုင်းများ၊ ၆၆ ကေဗွီ ဓာတ်အားပေးလိုင်းများ ဖြတ်သန်းသည့် ပတ်ဝန်းကျင်ရှိ မြို့၊ ကျေးရွာများသည် ယင်းဓာတ်အားလိုင်းမှ တိုက်ရိုက်ဆက်သွယ်၍ သုံးစွဲမရနိုင်ပါကြောင်း၊ အိမ်သုံးလျှပ်စစ်ဓာတ်အား ၂၃၀ ဗို့ ရရှိစေရန် ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ပြီး ၁၁ ကေဗွီ၊ ထရန်စဖော်မာများတပ်ဆင်မှသာ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကခွင့်ပြုပေးနိုင်သည့် ရန်ပုံငွေအပြင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် အခြားနိုင်ငံများ၏ အကူအညီ အထောက်အပံ့များကိုရယူ၍ ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဂန့်ဂေါမြို့နယ်၌ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဖြန့်ဖြူးလျက်ရှိသည့်အပြင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လျာထားလျက်ရှိပါကြောင်း၊ တည်ဆောက်ပြီးစီးပါက ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက **"ယနေ့ပြည်သူများ တောင်းဆိုနေသော ကျေးလက်အရောက် မီးလင်းရေးဆန္ဒနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ခေတ်မီသော စက်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လျှပ်စစ်မီးအပြည့်အဝ သုံးစွဲခွင့်ရရှိရေးအတွက် လျှပ်စစ်စွမ်းအင်ကို ရေတိုရရန် ခေတ်မီနည်းပညာသုံး ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ကိုလည်းကောင်း၊ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ကိုလည်းကောင်း၊ ပြည်သူများအား ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ မည်ကဲ့သို့ဆောင်ရွက်မည်ကို ချပြရှင်းလင်းပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝပိုလျှံစွာရရှိရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများဖြစ်မြောက်နိုင်မှု လေ့လာရေးအတွက် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် နားလည်မှုစာချွန်လွှာ (၁၁)ခုရေးထိုးပြီး လေ့လာမှုပြုလုပ်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအား ကွင်းဆင်း၍ တည်ဆောက်မှုနည်းပညာနှင့် ဒေသဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး အစီအစဉ်များကို ရှင်းလင်းလျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပေါ် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် မြန်မာနိုင်ငံတွင်လည်း နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

အဖြစ်မှ ရုန်းထွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆင်းရဲသားများမှ လူလတ်တန်းစားများအဖြစ် ပေါ်ပေါက်လာရန် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းက များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ချမ်းသာသည့် အိမ်နီးချင်းတိုင်းပြည်များရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ဥပဒေများသည် အလွန်ကောင်းမွန်ပါကြောင်း၊ နိုင်ငံခြားအထောက်အကူနှင့် နိုင်ငံခြား နည်းပညာများကို ရယူဆောင်ရွက်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြား အထောက်အပံ့နှင့်နည်းပညာ အကူအညီများကို ရယူဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

❊ ကျောဖုံးမှ

၁၁ ရက်တွင် ကန်တော်ကြီး ကရဝိက်ဥယျာဉ်၌ ညနေ ၆ နာရီခွဲမှ စတင်ကာ နိုင်ငံတကာပညာရှင်များ၏ ဆပ်ကပ်ဖျော်ဖြေပွဲကို အခမဲ့ တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့အတွင်း လူစည်ကားသည့်နေရာများသို့ သွားရောက်ကာ လှည့်လည်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကန်တော်ကြီးနှင့် မဟာဗန္ဓုလပန်းခြံတို့၌ တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဥရောပ၊ မြောက်အမေရိကနဲ့ အာရှပစိဖိတ်ဒေသတွင်း ပညာရှင်တွေ စုစည်းထားတဲ့ အဖွဲ့တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့အသိအမှတ်ပြုတွေဖြစ်ပြီး နိုင်ငံအသီးသီးမှာ ဖိတ်ခေါ်ချက်အရ လှည့်လည်ဖျော်ဖြေနေတာပါ။ စုစုပေါင်း ၂၅ ဦး ပါဝင်မှာဖြစ်ပြီး မြန်မာ့ခြင်းလုံးပညာရှင် အချို့နဲ့ ဟာသလူရွှင်တော် ဂျိုကာ၊ သူရသိန်းတို့ကလည်း ပေါင်းစပ်ပြသသွားဖို့ စီစဉ်ထားတယ်"ဟု ကိုမျိုးဝင်းက ပြောသည်။

(မြန်မာ့အလင်း)

ဝင်ငွေနည်းပါးတဲ့ ကျေးလက်နေပြည်သူတွေအတွက်. . .

ကျော်သူထက်၊ ဟန်နီဝင်း(သတင်းစဉ်)

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားအရ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်နေပြည်သူများဖြစ်သည်။ ထိုသို့ ကျေးလက်နေပြည်သူများအတွက် ဝင်ငွေတိုးပွားလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာရရှိရေး၊ တစ်ပိုင်တစ်နိုင် မိသားစု စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စွမ်းဆောင်ရည်မြင့်မားလာရေးတို့ကို focal ministry အဖြစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပြီး ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေထံ သွားရောက်မေးမြန်းခဲ့သည်။

မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပိုင်းမှာ စီမံဆောင်ရွက်မှုအခြေအနေကို ပြောပြပေးပါ။

ဖြေ ။ ။ အရင်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ စပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ပေါင်းပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုပြီး ပြန်လည်ဖွဲ့စည်းခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် focal ministry အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီးတော့လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒုတိယသမ္မတတွေဦးဆောင်တဲ့ လုပ်ငန်းကော်မတီတွေကိုလည်း ဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီများက ချမှတ်တဲ့ လုပ်ငန်းစဉ်(၈)ရပ်ရှိပါတယ်။ အဲ့ဒီ (၈)ရပ်နဲ့အညီ လုပ်ငန်းစဉ်တစ်ရပ်စီမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဗဟိုကော်မတီမှာ အတွင်းရေးမှူးဖြစ်ပါတယ်။ လုပ်ငန်းကော်မတီမှာတော့ ဒုတိယဝန်ကြီးက အတွင်းရေးမှူးဖြစ်ပါတယ်။

လုပ်ငန်းကော်မတီ(၈)ရပ်ဆောင်ရွက်တဲ့အခါမှာ အထောက်အကူပြုကော်မတီ (၈)ရပ်ကို ဖွဲ့စည်းပါတယ်။ အဲဒီမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေ ပါပါတယ်။ အဲဒီမှာ မူဝါဒတွေ ချမှတ်ပြီး ဆောင်ရွက်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ကျေးလက်နေ ပြည်သူတွေရဲ့စားဝတ်နေမှု၊ အထူးသဖြင့် အစားအစာ၊ အစားအသောက်နဲ့ ပတ်သက်လို့ လုံခြုံဘေးကင်းစေဖို့ ထုတ်လုပ်နိုင်ဖို့နဲ့ လူမှုစီးပွားဘဝတိုးတက်ဖို့ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ဖို့ဆိုရင် မွေးမြူရေးဆိုင်ရာ ကိစ္စရပ်တွေ ဆောင်ရွက်ရပါမယ်။ အသားငါးတွေ ထုတ်လုပ်ရပါမယ်။ ထွက်လာတဲ့ အသားငါးတွေက နိုင်ငံတကာအဆင့်မီ ထုတ်လုပ် ရောင်းချနိုင်ရပါမယ်။ စားသုံးနိုင်ရပါမယ်။ လုံလောက်စွာလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့လိုပါတယ်။ ပြည်တွင်းမှာလည်း ထုတ်လုပ်နိုင်မယ်၊ ပြည်ပကိုလည်းပို့နိုင်ရပါမယ်။ ပို့တဲ့ထုတ်ကုန်တွေကိုလည်း နိုင်ငံတကာအသိအမှတ်ပြုတဲ့ လက်မှတ်နဲ့ ပို့နိုင်တဲ့အထိ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက လူမှုစီးပွားဘဝဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ တိုးတက်ဖို့ဆိုရင် ကျေးလက်မှာရှိတဲ့ လမ်း၊ မီး၊ ရေ ဒါတွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ အိမ်တွေ၊ ယင်လုံအိမ်သာတွေ ဒါတွေကိုလည်း တိုးတက်ပြီးတော့ ဆောင်ရွက်ပေးတာရှိပါတယ်။ လမ်းနဲ့ပတ်သက်ရင် ကျေးရွာချင်းဆက်လမ်း၊ မြို့ပြနဲ့ကျေးရွာချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ တိုင်းပြည်မှာရှိတဲ့ ကျေးရွာပေါင်း ခြောက်သောင်းလေးထောင်ကျော်ကို သောက်သုံးရေရရှိဖို့အတွက် ဆောင်ရွက်ပေးခဲ့တာ အခုဆိုရင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရဲ့ (၆၀)၊ (၇၀)ရာခိုင်နှုန်းလောက်က သန့်ရှင်းသော သောက်သုံးရေကို ရရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်ကတော့ (၃၀)၊ (၃၅) ရာခိုင်နှုန်းလောက် ရရှိနေပါပြီ။ ကျေးရွာပေါင်း ခြောက်သောင်း လေးထောင်ကျော်မှာ နှစ်သောင်းခြောက်ထောင်လောက် လျှပ်စစ်ရရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော် မဟာဓာတ်အားလိုင်းမှရတာရှိသလို၊ အခြားဆိုလာ၊ လေအား၊ ရေအား၊ အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေက ရတာတွေလည်း ရှိပါတယ်။

"ဘတ်ဂျက်ကို အလွဲသုံးစားလုပ်တာမျိုးမရှိပါဘူး။ ကျေးလက်ကို ကွင်းဆင်းလို့ ရွာတစ်ရွာမှာ အကူအညီလိုအပ်ခဲ့ရင် လိုအပ်ချက်ကို တစ်ခါတည်း on the spot ဆောင်ရွက်ပေးခဲ့တာ။"

ဦးတင်ငွေ၊ ဒုတိယဝန်ကြီး

ဒါတွေနဲ့ပတ်သက်လို့ နှစ်စဉ် ကျေးလက်နေပြည်သူတွေရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ကို နှစ်စဉ်ဘတ်ဂျက်တွေချပေးပါတယ်။ နှစ်စဉ်ချပေးတဲ့ ဘတ်ဂျက်တွေကို သက်ဆိုင်ရာ လမ်းတွေရရှိဖို့၊ ရေရရှိဖို့၊ မီးရရှိဖို့၊ ကျေးလက်နေ အဆောက်အအုံတွေရရှိဖို့၊ ယင်လုံအိမ်သာတွေရရှိဖို့အတွက် နိုင်ငံတော်ရဲ့ ငါးနှစ်စီမံကိန်းနဲ့အညီ နှစ်အလိုက်ရရှိတဲ့ဘတ်ဂျက်အပေါ် မူတည်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့အခါမှာလည်း သက်ဆိုင်ရာ ကျေးလက်တွေမှာ ဝင်ငွေဝင်လမ်းရရှိဖို့လည်း ပါပါတယ်။ ကျေးလက်တွေမှာ ဝင်ငွေဝင်လမ်း ရရှိဖို့အတွက်ဆိုရင် မြစိမ်းရောင် စီမံကိန်းလိုဟာမျိုးတွေ၊ အခြေခံအဆောက်အအုံနဲ့ ပတ်သက်လို့ရှိရင် ကမ္ဘာ့ဘဏ် ဒေါ်လာသန်း ၈၀ ထောက်ပံ့ပြီး ဆောင်ရွက်ပေးတဲ့ လူထုဗဟိုပြုတဲ့စီမံကိန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ ဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတော်အစိုးရက လမ်းညွှန်တဲ့အတိုင်း အောက်ခြေကနေတက်တဲ့ ပြည်သူပါဝင်တဲ့၊ အများပါဝင်တဲ့ အထောက်အကူပြုကော်မတီအသီးသီးကနေ တင်ပြတဲ့အချက်အလက်တွေအပေါ်မှာ စဉ်းစားပြီး စီမံကိန်းရေးဆွဲပါတယ်။ ရည်မှန်းချက်ကတော့ ၂၀၁၅ ခုနှစ် ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းကနေ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါနဲ့အညီ စီမံကိန်းတွေရေးဆွဲပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ အဲဒီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေထဲက မြစိမ်းရောင်စီမံကိန်း အကြောင်းကိုလည်း ရှင်းပြပေးပါ။

ဖြေ ။ ။ မြစိမ်းရောင် စီမံကိန်းဆိုတာကတော့ အထူးသဖြင့် ဝင်ငွေနည်းပါးတဲ့ အလုပ်အကိုင်မရှိတဲ့ ကျေးလက်နေပြည်သူတွေအတွက် ဆောင်ရွက်ပေးတာပါ။ မြစိမ်းရောင် စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်တာပါ။ ကျေးရွာပေါင်း ၁၇၅၀ အတွက် ရန်ပုံငွေ ၃၄ ဒသမ ၅ ဘီလီယံ လျာထားပါတယ်။ ရှေ့ပြေးစီမံကိန်း (pilot project) လို့လည်း ပြောလို့ရပါတယ်။ ဘာလို့ ဒီလိုဆောင်ရွက်တာလဲဆိုရင် ကျေးရွာတစ်ရွာကို သိန်းသုံးရာ ပေးပါတယ်။ အရင်းမပျောက်မတည်ငွေအဖြစ် ကျေးရွာကော်မတီကို တိုက်ရိုက်ပံ့ပိုးပေးတာပါ။ ကြီးကြပ်မှုကော်မတီကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆိုပြီး ဖွဲ့စည်းဆောင်ရွက်တယ်။ ဝန်ထမ်းတွေလည်း ပါပါတယ်။ ကျေးရွာအဆင့်မှာတော့ ကျေးရွာက တင်မြှောက်ထားတဲ့ကော်မတီက လုပ်ကိုင်ဆောင်ရွက်ပါတယ်။ မွေးမြူရေးဆိုင်ရာ စိုက်ပျိုးရေးဆိုင်ရာနဲ့ မီးရရှိရေးစတဲ့ လူမှုစီးပွားဘဝအတွက် အသုံးပြုဖို့ ချေးယူနိုင်ပါတယ်။ မြစိမ်းရောင်ကျေးရွာ ဘဏ္ဍာရေးကော်မတီကနေ တိုက်ရိုက်ချေးယူနိုင်ပါတယ်။ အတိုးနှုန်းက ငါးမူးကနေ အများဆုံး တစ်ကျပ်ခွဲတိုးနဲ့ ချေးပေးနေပါတယ်။ ရွာသားတိုင်း ချေးခွင့်ရှိပါတယ်။ ကျေးရွာကော်မတီမှာ လျှောက်လွှာတင်ပြီး တကယ်အလုပ်လုပ်ဖို့လိုတဲ့ ကျေးရွာသားတိုင်း ချေးနိုင်တယ်။ ဒီစီမံကိန်းအတွက် သင်တန်းတွေလည်း ပေးထားပါတယ်။

မေး ။ ။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ဘတ်ဂျက်အသုံးစရိတ်နဲ့ ပတ်သက်လို့ လုပ်ထုံးလုပ်နည်းနဲ့အညီဖြစ်စေဖို့ ဘယ်လိုမူဝါဒတွေနဲ့ ဆောင်ရွက်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနက ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်း သုံးစွဲပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းအတိုင်းလည်း စာရင်းစစ်ခံခဲ့တာဖြစ်ပါတယ်။ အရင်တုန်းကတော့ ဒီလုပ်ငန်းတွေကို သက်ဆိုင်ရာဦးစီးဌာန၊ ဝန်ကြီးဌာနက လုပ်ပါတယ်။ အခုကျတော့ တင်ဒါစနစ်ဖြစ်သွားပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ လုပ်ပါတယ်။ ကျေးလက်ဒေသအတွက် လမ်း၊ ရေ၊ လျှပ်စစ်စတဲ့ အခြေခံအဆောက်အအုံတွေ ဆောင်ရွက်ပေးတဲ့အခါ တင်ဒါကို တစ်လကြိုတင်ကြေညာတယ်။ တင်ဒါအတွက် specification ဆိုတဲ့ စံချိန်စံညွှန်းကိုလည်း တစ်ပါတည်း သတ်မှတ်ပေးလိုက်ပါတယ်။ ဘတ်ဂျက် လျာထားချက်အားလုံးကို စီမံ/စီးပွားကနေတစ်ဆင့် ဘဏ္ဍာရေးကော်မရှင်ကို တင်ပေးလိုက်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုချက်ရပြီးတော့ ပြည်ထောင်စုလွှတ်တော်တင်ပြပြီး နှစ်စဉ်ဘတ်ဂျက်ကို ချထားပါတယ်။ ဒီဘတ်ဂျက်အားလုံးရတဲ့အခါ တင်ဒါပစ်ပါတယ်။ တင်ဒါရတဲ့ကုမ္ပဏီက သတ်မှတ်ချက်များအတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ရလာတဲ့ ဘတ်ဂျက်တွေကို နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကို လွှဲပြောင်းလုပ်ကိုင်စေတာပါ။

မေး ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အပေါ် အသုံးစရိတ်နဲ့ ပတ်သက်လို့ လုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်ဘူးလို့ စွပ်စွဲပြောဆိုနေတာတွေ ကြားသိရပါတယ်၊ အဲဒီအပေါ်မှာ ဘယ်လိုများ ပြောဆိုချင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ ညီညွတ်ပါတယ်။ နှစ်စဉ်ရော အရင်ဘဏ္ဍာနှစ်တွေမှာရော သုံးစွဲခဲ့တာဖြစ်ပါတယ်။ ဘတ်ဂျက်တွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေကို ခွဲပေးလိုက်တယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တွေက အနီးကပ်ကြီးကြပ်ပြီး အကောင်အထည်ဖော်တာပါ။ စီမံခန့်ခွဲမှု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီနဲ့ အထောက်အကူပြုကော်မတီစတဲ့ ကော်မတီအရပ်ရပ်အပြင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း သူတို့ရဲ့ မဲဆန္ဒနယ်တွေမှာ ကြည့်ပါတယ်။ လုပ်ငန်းတွေရဲ့ အရည်အသွေး၊ အချိန်မီ ပြီးနိုင်မပြီးနိုင် စတာတွေကို ကြီးကြပ်ပါတယ်။ ဒါ့အပြင် ငွေကြေးကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရများက လုပ်ငန်းပြီးတဲ့အခြေအနေပေါ် မူတည်ပြီး အရစ်ကျပေးပါတယ်။ စာရင်းစစ်တွေ့ရှိချက်၊ သုံးသပ်ချက်တွေအပေါ်မှာ မူတည်ပြီး ဝေဖန်နိုင်ပါတယ်။ ဒါပေမယ့် စာရင်းစစ်တွေ့ရှိချက်များတာ နည်းတာက အဓိကမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ကျေးရွာပေါင်း ၆၄၀၀၀ ရှိတယ်။ လုပ်ငန်းတွေကလည်းများပြီး မြို့နယ်တစ်မြို့နယ်မှာ ကျေးရွာပေါင်း အများကြီးရှိတဲ့အတွက် တွေ့ရှိချက်တွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီတွေ့ရှိချက်တွေကို ဖြေရှင်းပေးနိုင်ပါတယ်။ အလွဲသုံးတာမရှိပါဘူး။ စာရင်းစစ်ချုပ်ရုံးကလည်း watch လုပ်နေတာပါ။ specification နဲ့ မကိုက်တာတွေရှိပေမယ့် ပြန်လည်ပြုပြင်ပြီး လုပ်ကိုင်ဆောင်ရွက်ခိုင်းပါတယ်။ တစ်ခါတစ်ရံမှာ ရာသီဥတုကြောင့်၊ ပစ္စည်းအခက်အခဲကြောင့်၊ ကုမ္ပဏီရဲ့လိုအပ်ချက်တစ်ခုခုကြောင့် သတ်မှတ်တဲ့ဘတ်ဂျက်စည်းမျဉ်းစည်းကမ်း ကျော်သွားတာ ရှိနိုင်ပါတယ်။ ဒါပေမယ့် ပြီးစီးအောင်တော့ ဆောင်ရွက်ပါတယ်။ နိုင်ငံတော်အနေနဲ့ နစ်နာတာမျိုးတော့ မရှိပါဘူး။

မေး ။ ။ ပြည်သူလူထုအတွက် ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များရှိရင်လည်း ပြောပြပေးပါ။

ဖြေ ။ ။ မြစိမ်းရောင်စီမံကိန်းကို နိုင်ငံတကာအတွေ့ အကြုံတွေရော ကိုရီးယားက ဆဲလ်မားအူဒုံးကျေးရွာသစ်စီမံကိန်းတို့ လိုမျိုးကို အခြေခံပြီး မြန်မာအနှစ်သာရနဲ့ ကိုက်ညီအောင် ဆောင်ရွက်ထားပါတယ်။ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိတဲ့နေရာမှာ ကျွန်တော်တို့ အခုက ကျေးရွာပေါင်း ၁၀၀၀ ကျော်အတွက် ဆောင်ရွက်နေပါတယ်။ နှစ်ပေါင်း ၆၀ လောက်မှ တစ်နိုင်ငံလုံး ပြီးစီးသွားမှာပါ။ ရှေ့ဆက်ပြီးတော့ လာမည့်နှစ် ဘတ်ဂျက်မှာ ကျေးရွာပေါင်း ၃၀၀၀ ကျော်လောက် ဆောင်ရွက်နိုင်ဖို့ လျာထားပါတယ်။

မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောပြပေးပါ။

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ ဘတ်ဂျက်ကို အလွဲသုံးစားလုပ်တာမျိုးမရှိပါဘူး။ ကျေးရွာတွေမှာ လိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းထောက်ပံ့ဖို့ ရန်ပုံငွေရှိပါတယ်။ သာမန်အသုံးစရိတ်ပါ။ ကျွန်တော်တို့ ထောက်ပံ့ပေးလို့ရပါတယ်။ ကျေးလက်ကို ကွင်းဆင်းလို့ ရွာတစ်ရွာမှာ အကူအညီလိုအပ်ခဲ့ရင် ဥပမာ စာသင်ကျောင်းအတွက် ထိုင်ခုံလိုအပ်ခဲ့ရင် ထိုင်ခုံကိုလုပ်ပြီး ပို့ဆောင်နေမယ့်အစား တစ်ခါတည်းထိုင်ခုံအတွက် လိုအပ်ချက်ကို on the spot ဆောင်ရွက်ပေးခဲ့တာပါ။ ဒါမှသာ အဆင့်ဆင့်လည်း တင်ပြစရာမလိုဘဲ ဖြည့်ဆည်းပေးနိုင်တာပါ။ ဒါပေမယ့် စာရင်းစစ်က သွားစစ်ပါတယ်။ ကျန်းမာရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးဆောင်ရွက်ပေးပါတယ်။ အများရှေ့မှာ ပေးအပ်တဲ့အတိုင်း လက်ခံမှတ်တမ်းနဲ့ တစ်ခါတည်းဆောင်ရွက်တာပါ။ ဒါ့ကြောင့် အလဟဿဆောင်ရွက်တာမျိုး မဟုတ်ပါဘူး။ စာရင်းစစ်ကတော့ observation ဖြစ်တဲ့အတွက် သူတို့ရဲ့ တွေ့ရှိချက်ကို ရေးသားရမှာပါ။ ဒါတွေကိုတော့ ကျွန်တော်တို့က လိုက်ပြီး ဖြေရှင်းပေးရမှာပေါ့။ ဆောင်ရွက်ပေးရမှာပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသစ် ဖွဲ့စည်းတာဖြစ်တဲ့အတွက် ဝန်ထမ်းအင်အားက ငါးပုံ တစ်ပုံလောက်ပဲ ရှိပါသေးတယ်။ ရုံးတွေကလည်း အသစ်ပြန်လည် လုပ်ဆောင်ရတာမျိုးတွေရှိပါတယ်။ ဒါကြောင့် နောက်ကျတာမျိုး ရှိပါတယ်။ ဒီစာရင်းကို အရောက်ပို့ပေးခိုင်းပေမယ့် မရောက်တဲ့အတွက် report ထဲ ပါသွားတာမျိုးရှိပါတယ်။ လုံးဝမလုပ်နိုင်လို့ အခက်အခဲဖြစ်လို့ မဟုတ်ပါဘူး ။ ။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

ကလေးများဘဝဖွံ့ဖြိုးဖို့ အားလုံးပါဝင်ဆောင်ရွက်စို့

ဝင်းထိန်ကျော်
(ကယ်ဆယ်ရေး)

ဗိုလ်ချုပ်၊ ဗိုလ်ချုပ် ဒို့ဗိုလ်ချုပ်
ထွေးလေး ဘယ်ကမွေး

နတ်မောက်မြို့ တဲ့လေး
ဗိုလ်ချုပ်စစ်ထွေး ဘယ်ကမြေး

ဗိုလ်လရောင်တို့မြေး
ဗိုလ်လရောင်မြေး ရှေ့ကပြေး

မောင်ထွေး မောင်ငယ် လိုက်ပါ့မယ်
နမငယ် ဘယ်မနေး

ဒို့လည်း ပါစို့လေး.....

အနာဂတ်၏ဖန်တီးရှင်များ

ကလေးသူငယ်ဆိုတာ အသက်အပိုင်းအခြားအနေနဲ့ပြောရရင် မွေးစကနေ အသက် ၁၈ နှစ်အထိ အကျုံးဝင်ပါတယ်။ ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ် ဥပဒေမှာကတော့ ကလေးဆိုတာကို အသက် ၁၆ နှစ်အထိပဲ ဖွင့်ဆိုခဲ့ကြပေမယ့် နိုင်ငံတကာမှာကလေးတွေရဲ့အသက်ကို ၁၈ နှစ်အထိ သတ်မှတ်ထားတာဖြစ်တဲ့အတွက် အခုအခါမြန်မာနိုင်ငံမှာလည်း ၁၈ နှစ်အထိ ပြင်ဆင်သတ်မှတ်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကလေးသူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ကို ခေါင်းဆောင်မယ့်သူတွေပါ။ ဒီနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ခေါင်းဆောင်တွေဟာ တစ်ချိန်သောကာလငယ်နုစဉ်က ကလေးတွေဖြစ်ခဲ့ကြဖူးပါတယ်။ **ယနေ့လူငယ်၊ နောင်ဝယ်လူကြီး** ဆိုတဲ့အတိုင်း ဒီကနေ့ ကလေးသူငယ်တွေဟာ တစ်ချိန်မှာ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မယ့်သူတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့အနာဂတ်ကို ထုဆစ်၊ ဖန်တီး၊ ပုံဖော်မယ့်သူတွေလို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံကလေးများနေ့

၂၀၁၃ ခုနှစ် ဇွန်လမှာကုလသမဂ္ဂ Department of Economic and Social Affairs Population Division က ထုတ်ပြန်တဲ့စာရင်းအရ ကမ္ဘာ့လူဦးရေဟာ သန်းပေါင်းခုနစ်ထောင့်နှစ်ရာရှိပါတယ်။ အသက် ၁၄ နှစ်အထိ ကလေးဟာ လူဦးရေရဲ့ ၃၂ ရာခိုင်နှုန်းနဲ့ အသက် ၁၀ နှစ်ကနေ ၂၄ နှစ်အထိ လူငယ်ကတော့ စုစုပေါင်းလူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းထိရှိတယ်လို့ ဆိုပါတယ်။ ဆိုရရင် ကလေးသူငယ်ဦးရေဟာ သိပ်တော့မနည်းလှတာတွေ့ရမှာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ က ကုလသမဂ္ဂညီလာခံမှာ **“ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်ခွင့်နှင့်ပါဝင်ခွင့်သည် ကလေးတိုင်း၏ရပိုင်ခွင့်ဖြစ်သည်”** လို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့တယ်။ ကလေးသူငယ်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ သင့်တော်တဲ့ရက်တစ်ရက်ကို အပြည်ပြည်ဆိုင်ရာကလေးများနေ့အဖြစ် သတ်မှတ်ဖို့ကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံကလေးများနေ့ (Myanmar Children's Day) အဖြစ် သတ်မှတ်၊ ပျော်ပွဲရွှင်ပွဲတွေ၊ အားကစားပွဲတွေ၊ အထိမ်းအမှတ်ပစ္စည်းတွေလုပ်ပြီး တစ်နိုင်ငံလုံး ကျင်းပခဲ့ကြတယ်။

ဗိုလ်ချုပ်မွေးနေ့ နှစ် ၁၀၀ ပြည့်နှင့်အတူ ခြိမ့်ခြိမ့်သဲဆင်နွှဲကြမည်

ဒီနှစ်ကျင်းပမယ့် မြန်မာနိုင်ငံကလေးများနေ့က အတော့်ကိုထူးခြားတယ်လို့ ဆိုရမှာပါ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ် ၁၀၀ ပြည့်မွေးနေ့ပွဲနဲ့ တိုက်ဆိုင်နေလို့ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးဖွားခဲ့တာမို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဆို နှစ် ၁၀၀ တိတိ ရှိသွားပြီဖြစ်ပါတယ်။ မြန်မာပြည်လွတ်လပ်ရေးရရှိဖို့ တစ်ခုတည်းကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တဲ့ **ဗိုလ်ချုပ်အောင်ဆန်းရဲ့ဖြူစင်ရိုးသားပွင့်လင်းတဲ့စိတ်၊ ကိုယ်ကျိုးမဖက်တဲ့စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စွန့်လွှတ်စွန့်စား အနစ်နာခံတတ်တဲ့စိတ်တွေကို နိုင်ငံ့ရင်သွေးတွေ အတုယူအားကျပြီး ကြိုးစားချင်တဲ့ ဗိုလ်ချုပ်လိုစိတ်ဓာတ်တွေ ရရှိစေဖို့** နှစ် ၁၀၀ ပြည့်မှာကျရောက်တဲ့ ဗိုလ်ချုပ်မွေးနေ့မှာကျင်းပမယ့် မြန်မာ့ကလေးများနေ့ကို ခါတိုင်းနှစ်တွေနဲ့မတူ တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာကျင်းပဖို့ နိုင်ငံတော်သမ္မတကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးထားတယ်လို့ သိရပါတယ်။ အဲဒီနေ့မှာ ကလေးတွေပျော်ပွဲရွှင်ပွဲတွေအပြင် စာစီစာကုံး၊ စကားရည်လုပွဲ၊ အကနဲ့ ကဗျာပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲတွေကျင်းပပြီး မြန်မာကလေးများနေ့အထိမ်းအမှတ်အခမ်းအနားမှာ ဆုတွေထိုက်ထိုက်တန်တန် ချီးမြှင့်သွားမယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာ ကျင်းပသလို ကမ္ဘာအရပ်ရပ်မှာလည်း ကလေးများနေ့တွေကိုကျင်းပကြပါတယ်။ တရုတ်၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ပေါ်တူဂီ၊ ပိုလန်နဲ့ ရုရှားနိုင်ငံတွေက ဇွန်လ ၁ ရက်နေ့၊ အိန္ဒိယက သူတို့နိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ်ဖြစ်တဲ့ ဂျဝါဟာလာနေရူးရဲ့မွေးနေ့ နိုဝင်ဘာ ၁၄ ရက်နေ့ကို ကလေးများနေ့ဆိုပြီး ဂုဏ်ပြုသတ်မှတ်ထားပါတယ်။ အဲဒီနေ့မှာတော့ ကလေးသူငယ်တိုင်း လွတ်လပ်ပျော်ရွှင်စွာနဲ့ဆုံစည်းကြ၊ ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲနဲ့ ရန်ပုံငွေပွဲတွေလုပ်ကြပြီး ကလေးတွေရဲ့လိုအပ်ချက်တွေ ဖန်တီးဖြည့်ဆည်းပေးလေ့ရှိပါတယ်။

ကလေးများဘဝဖွံ့ဖြိုးဖို့ အားလုံးပါဝင်ဆောင်ရွက်စို့

စာရေးသူအနေနဲ့ ကလေးများရဲ့အခန်းကဏ္ဍမြှင့်တင်ပေးဖို့နဲ့ ကလေးများရဲ့ဘဝ လုံခြုံရေးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကလေးတွေ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြဖို့ ဆောင်ရွက်သင့်တယ်လို့မြင်ပါတယ်။ ကလေးများဟာ မိဘများနဲ့ မခွဲမခွာ အတူနေထိုင်နိုင်ဖို့ ကျန်းမာရေး၊ ပညာရေးနဲ့ဘက်စုံဖွံ့ဖြိုးဖို့ အခွင့်အရေးရှိရပါမယ်။ ဒီလိုအနာဂတ်ရဲ့ **ဖန်တီးရှင်ကလေးသူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးဖို့နဲ့ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေဖြည့်ဆည်းပေးဖို့** မိဘများအပါအဝင် အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း ဗိုလ်ချုပ်ရဲ့ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ပါတယ်။

> **“ဒီနှစ်ကျင်းပမယ့် မြန်မာနိုင်ငံကလေးများနေ့က အတော့်ကိုထူးခြားတယ်လို့ ဆိုရမှာပါ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ် ၁၀၀ ပြည့်မွေးနေ့ပွဲနဲ့ တိုက်ဆိုင်နေလို့ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးဖွားခဲ့တာမို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဆို နှစ် ၁၀၀ တိတိ ရှိသွားပြီ”**

● ကျောဖုံးမှ

တောင်ကုန်းတောင်တန်းအချို့နှင့် မြေပြန့်လွင်ပြင်လည်းရှိသည်။ ပင်လယ်ထွက်ပေါက်ရှိပြီး ပင်လယ်ပြင်ကို တိုက်ရိုက်ထိစပ်နေသော ကမ်းခြေလည်းရှိသည်။

ဘီလူးကျွန်းအား နိုင်ငံတကာအဆင့်မီမြို့ပြတည်ဆောက်ရာတွင် ရှော့ပင်မောကြီးများ၊ လူနေကုန်တိုက်များ၊ အဆင့်မြင့် လူနေအိမ်ရာများ၊ အဆင့်မြင့်ကားလမ်းများအပြင် စက်မှုဇုန်ကိုထည့်သွင်းတည်ဆောက်သွားရန် စီမံကိန်းတွင်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လောလောဆယ်တွင် စီမံကိန်းအကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြနေသည့် တရုတ်(တိုင်ပေ)မှ ကုမ္ပဏီအနေဖြင့် ဆွေးနွေးမှုများပြုလုပ်နေပြီး ပြည်ထောင်စုအစိုးရ သို့ တင်ပြထားသည်။

ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)တွင် ချောင်းဆုံမြို့တစ်မြို့သာရှိပြီး ကျေးရွာအုပ်စုများဖြင့် ဖွဲ့စည်းတည်ရှိနေသည်။ ဘီလူးကျွန်းတွင် ကျေးရွာကြီးများအဖြစ် ရွာလွတ်၊ ကညော်၊ မုရစ်လေးရွာတို့မှာ အိမ်ခြေ ၁၀၀၀ ကျော်ရှိသည့် ရွာများဖြစ်သည်။

ဘီလူးကျွန်းရှိကျေးရွာအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်သည်။ ရော်ဘာစိုက်ပျိုးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများအပြင် ရွာလွတ်ဆေးတံလုပ်ငန်းနှင့် ကျောက်သင်ပုန်း လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ယခုအခါ မော်လမြိုင်မြို့ မုပွန်အရပ်နှင့်ဘီလူးကျွန်းရှိ ကညော်ကျေးရွာတို့အား ထိစပ်မည့်သံလွင်မြစ်ကူးတံတားကို တည်ဆောက်နေပြီဖြစ်သည်။ ထို့အတူ ဘီလူးကျွန်းအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဝေပေးနိုင်ရေးအတွက် လျှပ်စစ်တာဝါတိုင်များလည်း စိုက်ထူတည်ဆောက်နေပြီဖြစ်သည်။

လမ်းပန်း ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှုများ မကြာမီကာလအတွင်း အကောင်အထည်ပေါ်လာတော့မည်ဖြစ်ရာ ဘီလူးကျွန်းသည် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲကျင်းပ

တိုက်ကြီး ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲတော်တွင် ဗိုလ်ချုပ်မွေးနေ့၌ သံဃာတော်အရှင်သူမြတ်များကို ဆွမ်းနှင့်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပြည်ထောင်စုအလံကို အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ရဲဘော်များကို အလေးပြုခြင်း အစီအစဉ်များပြုလုပ်ပြီး ပရိသတ်အား ပဲပြုတ်နှင့် နံပြားကျွေးမွေးဧည့်ခံခြင်း၊ မုန့်ဟင်းခါး စတုဒိသာ ကျွေးမွေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပျော်ပွဲရွှင်ပွဲအနေဖြင့် ချောတိုင်တက်ခြင်း၊ ခေါင်းအုံးရိုက်ပွဲပြုလုပ်ခြင်း၊ ခြင်းအလှခတ်ပွဲများပြုလုပ်ခြင်းနှင့်ကလေးများက ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သောကဗျာများကို ရွတ်ဖတ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့မှ ကာတွန်းဆရာကြီးများက ဗိုလ်ချုပ်အောင်ဆန်း ပုံတူရေးဆွဲခြင်း၊ ပန်းချီကားများပြသခြင်းများအပြင် စာပေတိုက်များမှ စာအုပ်ရောင်းပွဲတော်များ ရောင်းချသွားမည်ဖြစ်သည်။ ညဘက်တွင် စာပေဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

❀ ကျောဖုံးမှ

ခုံးကျော်တံတားတွေကို ခေတ်နဲ့အညီ ဆက်လက်ဆောက်လုပ်ပေးဖို့ စီစဉ်လုပ်ဆောင်နေပါတယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဦးလင်းခိုင် (ဒုတိယဌာနမှူး) က ပြောကြားသည်။

အဆိုပါ ကမ္ဘာအေးလူကူးခုံးကျော်တံတားသစ်ကို ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး တံတားအရှည်မှာ ၁၀၅ ပေ ၆ လက်မ၊ အကျယ် ၁၂ ပေနှင့် တံတားကင်းလွတ်ခွင့်အမြင့်မှာ ၁၈ ပေ ၆ လက်မရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတားတစ်ဖက်စီတွင်လည်း အတက်စက်လှေကားတစ်စင်းစီကို တပ်ဆင်ပေးထားပြီး အဆိုပါစက်လှေကားကို ခရီးသွားပြည်သူများ အဆင်ပြေစေရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းတစ်ဦးက ကြပ်မတ်ကာ နံနက် ၆ နာရီမှ ည ၉ နာရီအထိ ပြည်သူများ ဖြတ်သန်းကူးလူးခွင့် ပြုပေးထားမည်ဖြစ်ကြောင်း သိရသည်။ တံတားတွင် တပ်ဆင်ပေးထားသည့် စက်လှေကားအကျယ်မှာ ၅ ပေ ၄ လက်မဖြစ်ပြီး ပြည်သူများ အဆင်းအဖြစ် အသုံးပြုနိုင်သည့် ရိုးရိုးလှေကားအကျယ်ကိုလည်း ၅ ပေ ၄ လက်မအကျယ်ထား တည်ဆောက်ထားခြင်းကြောင်း သိရသည်။

“အခုလို နိုင်ငံတော်အနေနဲ့ လူစည်ကားရာနဲ့ ယာဉ်ကြောရှုပ်ထွေးတဲ့နေရာတွေမှာ လူကူးခုံးကျော်တံတားတွေ ငွေကြေးအကုန်အကျခံ တည်ဆောက်ပေးတာ ကောင်းပါတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ သတ်မှတ်စည်းကမ်းနဲ့အညီ လိုက်နာပေးဖို့လိုတယ်။ တချို့ဆို လူကူးခုံးကျော်တံတားအောက်ကနေ ဖြတ်ကူးနေတာတောင်တွေ့ရတယ်။ ဒါမျိုးတွေကမဖြစ်သင့်ဘူး။ နိုင်ငံတော်အနေနဲ့လည်း ပိုက်ဆံအကုန်အကျခံ တည်ဆောက်ပေးတာ အလကားဖြစ်တယ်။ ပြည်သူတွေအနေနဲ့ တစ်ဦးချင်းစီက အသိစိတ်ဓာတ်လေးတွေကို ထိန်းပြီး စည်းကမ်းလိုက်နာမှ ဒီလူကူးခုံကျော်တံတားတွေရဲ့ အကျိုးသက်ရောက်မှုက များမယ်လို့ ကျွန်တော်ထင်တယ်” ဟု မရမ်းကုန်းမြို့နေ ပြည်သူတစ်ဦးဖြစ်သည့် ဦးမောင်ဝင်းက ဆိုသည်။

ယနေ့ ဖွင့်လှစ်သွားလာခွင့်ပြုလိုက်သည့် စက်လှေကားပါ ကမ္ဘာအေးလူကူး အဆင့်မြင့်ခုံးကျော်တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြန်မာငွေကျပ်သန်း ၃၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့နေပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် အထင်ကရ လူစည်ကားရာနေရာများနှင့် ယာဉ်ကြောရှုပ်ထွေးပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည့် နေရာများကို ကျွမ်းကျင်ပညာရှင်များဖြင့် စစ်တမ်းကောက်ယူ လေ့လာမှုများပြုလုပ်ကာ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့၏ အင်းစိန်လမ်းမကြီးပေါ်ရှိ လှည်းတန်းလမ်းဆုံနှင့် မော်တင်ရှိ ကမ်းနားလမ်းသစ်ထိပ်တို့တွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် များမကြာမီတွင် ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာအေး လူကူးခုံးကျော်တံတားပေါ်၌ ပြည်သူများ ဖြတ်သန်းသွားလာနေစဉ်။

ပြည်တွင်းသတင်း

တနင်္သာရီရိုးမတစ်လျှောက် ဒေါင်းစုတ်ငှက်များ မျိုးသုဉ်းပျောက်ကွယ်ပြီဟု ဒေသခံများကဆို

မြိတ် ဖေဖော်ဝါရီ ၅

တနင်္သာရီ ရိုးမတစ်လျှောက်၌ ကျက်စားလျက်ရှိသော ငှက်တစ်မျိုးဖြစ်သည့် ဗွတ်ကလုံငှက်ဒေသအခေါ် ဒေါင်းစုတ်ငှက်များ မျိုးသုဉ်း ပျောက်ကွယ်နေသည်ဟု တနင်္သာရီမြို့နယ်ရှိ ငှက်ဖမ်းလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးထံမှ သိရသည်။

အဆိုပါငှက်များကို ထိုင်းနိုင်ငံမှ ဈေးကောင်းပေး ဝယ်ယူသည့်အတွက် ဗွတ်ကလုံငှက်များသည် လွန်ခဲ့သည့် သုံးနှစ်ကျော်ကတည်းက ပျောက်ကွယ်ခဲ့သည်ဟု ငှက်ဖမ်းသမားများကပြောသည်။ "အရင်ကဆိုရင် အဲဒီငှက်တွေကို အစုလိုက်အဖွဲ့လိုက်တွေ့ခဲ့ရပေမယ့် အခုဆိုရင် တစ်ကောင်တလေတောင် မတွေ့ရတော့ဘူး" ဟု ရေဖြူကျေးရွာမှ ငှက်ဖမ်းသမားတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယင်းငှက်များတွင် ရိုးရိုးငှက်တစ်ကောင်လျှင် ငွေသုံးသောင်းကျပ်ခန့် တန်ဖိုးရှိပြီး ဒေါင်းစုတ် အဖြူရောင်ငှက်တစ်ကောင်ကို ငွေကျပ်တစ်သိန်းခွဲခန့်အထိ ပေါက်ဈေးရှိသည်ဟု သိရသည်။ ဈေးကောင်းရရှိသည့် အဆိုပါငှက်များကို ဒေသခံများက နည်းအမျိုးမျိုးဖြင့် ဖမ်းဆီး၍ မောတောင်နယ်စပ်ဂိတ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလေ့ရှိသည်ဟု မောတောင်ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

"ဗွတ်ကလုံငှက်တွေ ဒီဒေသမှာ မျိုးသုဉ်းသွားပြီလားဆိုတာ မသိနိုင်သေးပေမယ့် ဖမ်းဆီးရောင်းချထားတာတွေက တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာပဲရှိတယ်။ ကျန်တဲ့ ဒေသတွေမှာ ဖမ်းဆီးတာမရှိဘူး" ဟု မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးသိန်းအောင်၏ ပြောပြချက်အရသိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိသည့် ဒေါင်းစုတ်ငှက်များသည် အကောင်ကလည်းလှပြီး အသံကလည်း သာယာသည့်အတွက် ထိုင်းနိုင်ငံက အဓိကထားဝယ်ယူသဖြင့် ၂၀၀၀ ပြည့်နှစ်ကတည်းက ယင်းဈေးကွက် ပေါ်ထွန်းခဲ့သည်ဟု ဒေါင်းစုတ်ငှက်များကို ရောင်းဝယ်လုပ်ကိုင်နေသူ မောတောင်နယ်စပ်ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။ အဆိုပါငှက်များသည် ထိုင်းနိုင်ငံဈေးကွက်အတွင်းတွင် တစ်ကောင်လျှင် ဘတ်ငွေ တစ်သောင်းခွဲခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကာယဗလ၊ ကာယအလှ ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ ကာယဗလနှင့် ကာယအလှ၊ ကာယ ကြံ့ခိုင်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားပြီး ကာယဗလနှင့် ကာယအလှ၊ ကာယကြံ့ခိုင်မှု ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကာယဗလမောင်ကျောင်းသား ၁၄ ဦး၊ ကာယအလှမယ်ကျောင်းသူ ၁၀ ဦး၊ ကာယကြံ့ခိုင်မှုမယ် ကျောင်းသူ ခုနစ်ဦးတို့က တစ်ဦးချင်း စိတ်ကြိုက်ဟန်ပြသယှဉ်ပြိုင်ကြရာ ဆန်ခါတင်ရွေးချယ်ထားခဲ့ကြသည်။

ထို့နောက် ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ မောင်ကျော်မင်းသူ(သချ်ာ)၊ ဒုတိယ စောဩဂတ်စတင်းကျော်(ဓာတုဗေဒ)၊ တတိယ မောင်အောင်အောင်ကျော်(ဘူမိဗေဒ)တို့အား ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးနှင့် ပါမောက္ခ(ဌာနမှူး)များကလည်းကောင်း၊ ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ မနှင်းရွှေရည်ဝင်း(ဒဿနိကဗေဒ)၊ ဒုတိယ မအေးချမ်းမိုး(ရူပဗေဒ)၊ တတိယ မအိအိလှိုင်(ဘူမိဗေဒ)၊ ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမ မဝင့်ဒါလီဖူး(ရူပဗေဒ)၊ ဒုတိယ မနှင်းဦးလှိုင်(ဘူမိဗေဒ)၊ တတိယ မဇင်ပုလဲဝင်း(မြန်မာစာ)တို့အား ပါမောက္ခ(ဌာနမှူး)များက ဆုများ အသီးသီးချီးမြှင့်ကြသည်။

တင်စိုး(မြန်မာ့အလင်း)

ပိုလ်ချုပ်မွေးနေ့ဟောပြောပွဲ စလင်း၌ကျင်းပ

စလင်း ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်အထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးပေါ်ဦးက ကလေးများအတွက် အတုယူစရာ တို့ဗိုလ်ချုပ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမကြီး ဒေါ်သောင်းဌေးက ဗိုလ်ချုပ်၏ အရည်အချင်းများ ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ စကားရည်လုပွဲများကျင်းပခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ဖြူးမြို့နယ်၌ ရာနှုန်းပြည့်ထုတ်ချေးပြီး

ဖြူး ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆၁)အုပ်စုတို့မှ တောင်သူလယ်သမားများက မိုးစပါးများရိတ်သိမ်းအပြီး သီးထပ်၊ ဆောင်းရာသီစိုက် မတ်ပဲနှင့် ပဲမျိုးစုံကို စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြရာ ဆောင်းရာသီစိုက်သီးနှံများစိုက်ပျိုးချိန်တွင် တောင်သူလယ်သမားများ ငွေကြေးအခက်အခဲမရှိဘဲ စိတ်အေးချမ်းသာစွာ စိုက်ပျိုးနိုင်ကြရေးအတွက် ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ ဆောင်းသီးနှံ တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။

ယင်းသို့ ထုတ်ချေးပေးရာတွင် ကြွေးကျန်မရှိသော ကျေးရွာအုပ်စု (၅၉)အုပ်စုတို့မှ တောင်သူလယ်သမား ၁၁၁၇၉ ဦးတို့အား ဆောင်းသီးနှံစိုက်ပျိုးဧက ၆၈၈၀၆ ဧကအတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် ၁၃၇၆၁၀၀၀၀ ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ရာနှုန်းပြည့်ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ကျင်ဟို၏ ပြောပြချက်အရ သိရသည်။ **ဖြူး-မြင့်ဦး**

ယာဉ်ချိုးကွေ့မောင်းနှင်ရာမှ ဆိုင်ကယ်ကိုတိုက်မိ

ရန်ကုန် ဖေဖော်ဝါရီ ၅

လှိုင်သာယာမြို့နယ်တွင် ဖေဖော်ဝါရီ ၃ ရက် ည ၇ နာရီခွဲက ရွှေပြည်သာတံတားလမ်းအတိုင်း ထန်းတပင်ဘက်မှ အင်းစိန်ဘက်သို့ လှိုင်သာယာမြို့နယ်နေ ယာဉ်မောင်း ကိုဇင်ဘိုလွင် (၂၃ နှစ်)မောင်းနှင်လာသော 4E/---- ဒိုင်နာယာဉ်သည် အလယ်ရွာတိုးဂိတ်အလွန်အရောက် ဝဲဘက်သို့"ဂ"ကွေ့ချိုးကွေ့စဉ်အလားတူ ၄င်း၏ ဝဲဘက်ယာဉ်ကြောမှ လှိုင်သာယာမြို့နယ်နေ ကိုစန်းလွင်ဦး(၂၃ နှစ်)မောင်းနှင်လာသော ဒိုင်ယန်း-၁၁၀ အနက်ရောင်ဆိုင်ကယ်ကို တိုက်မိရာ ဆိုင်ကယ်ပျက်စီးခဲ့ပြီး ကိုစန်းလွင်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် အင်းစိန်ဆေးရုံ၌ တင်ပို့ကုသခဲ့ရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုဇင်ဘိုလွင်အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးစောနေထူး၏သမီး နော်စေးလ်ဗာမွန်း(Naw Silver Moon) ၃/ဖပန(နိုင်)၀၀၈၆၁၃နှင့် နော်စေးလဘာမူးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၃စ/၆၈၂၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၇၉၁၊ မြေအကျယ်အဝန်း ၄၀'×၆၀' အား မြေအမည်ပေါက် ဒေါ်ခင်ခင်လှိုင် TGKN-၀၁၆၄၃၆ ထံမှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသဖြင့် မြေချပါမစ်ကိုယ်စား ထုတ်ယူခွင့်ပြုပါရန် ဒေါ်ထားရင် ၁၂/ဥကမ(နိုင်)၁၄၇၉၀၆က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၁၅ ဇွန်လတွင်ဖွင့်လှစ်မည့် ရန်ကုန်စတော့အိပ်ချိန်းအတွက် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၂၄/၂၆ ရှိ ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ၏ မြေညီထပ်နှင့်ပထမထပ်(ကြားထပ်)အား ပြုပြင်မွမ်းမံရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(၂) အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်ဆောက်လုပ်မည့် ပုံစံအသေးစိတ်တို့ကို ၉-၂-၂၀၁၅ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၂-၂-၂၀၁၅ရက် ညနေ ၄ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

(၃) အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး အမှတ် ၂၁/၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ တတိယထပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၁၂၂၀၈၃၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၁၂၇၅၇ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်း ၇/ပမန(နိုင်)၀၉၀၇၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**
ပြည်မြို့

အမည်ပြောင်း

အထက(၁) မြောက်ဥက္ကလာပ၊ သတ္တမတန်း(A)မှ ဦးသိန်းဇော်၏သမီး မအင်ကြင်းဖြူအား ယနေ့မှစ၍ မမေဟန်သီချိုဟု ပြောင်းလဲခေါ်ပါရန်။

မမေဟန်သီချို

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/FMI အိမ်ရာ)၊ မြေကွက်အမှတ် ၄၅၈၊ ဧရိယာ ၀.၁၁၅၀၁၅ ဧက၊ နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာဒေါ်သိန်းဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အား အရောင်းအဝယ်စာချုပ်(၉၄၁၅/၂၀၁၄) တင်ပြ၍ ဒေါ်မာမာထွန်း ၈/မထန(နိုင်)၀၂၆၁၃၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ရေကြောင်းရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	- ၉-၂-၂၀၁၅ရက်
၃။	**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်**	- ၁၆-၂-၂၀၁၅ရက်
၄။	**ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်**	- ၁၈-၂-၂၀၁၅ရက် ၊ ၁၆:၀၀ နာရီ
၅။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၀-၂-၂၀၁၅ရက် ၊ ၁၀:၀၀ နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ရေကြောင်းရဲတပ်ဖွဲ့

ပြည်တွင်းသတင်း

သတင်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံ သံရုံး၏ ကမကထပြု ပံ့ပိုးမှုဖြင့် နိုင်ငံတကာ သတင်းစာဆရာအဖွဲ့ (International Center for Journalist-ICFJ)က ကြီးမှူး ဖွင့်လှစ်မည့် သတင်းသင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သတင်းသမားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲနှင့် သတင်းမီဒီယာအခန်းကဏ္ဍ၊ သတင်းသမားကျင့်ဝတ်နှင့် စိန်ခေါ်မှုများ၊ အသံလွှင့်သတင်းထောက်နှင့် မာတီမီဒီယာ သတင်းတင်ပြခြင်း၊ သတင်းအရင်းအမြစ်များထံမှ သတင်းရယူခြင်း၊ ဆိုင်ဘာလုံခြုံရေးနှင့် သတင်းသမားများ သတိပြုစရာ လူမှုကွန်ရက်နှင့် ဒစ်ဂျစ်တယ် မီဒီယာစသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး နိုင်ငံတကာသတင်းစာဆရာအဖွဲ့မှ သင်တန်းမှူး ဒေါ်ခင်မေဇော်နှင့်အတူ Marguerite Sulivan၊ ရွေးကောက်ပွဲစောင့်ကြည့်ရေးဆိုင်ရာအဖွဲ့များ၊ အန်ဂျီအိုအဖွဲ့များက ပါဝင်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် အမေရိကန် စင်တာ၌ ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နှင့် ၂၈ ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်ကာ မန္တလေးမြို့၌ ဂျက်ဖာဆင်စင်တာ၌ မတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတစ်ခုလုံးဖြစ်စေ၊ တစ်ရက်ချင်း မိမိစိတ်ဝင်စားသည့် အကြောင်းအရာများကိုဖြစ်စေ တက်ရောက်လေ့လာနိုင်ကြောင်း၊ သင်တန်းမှာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိဖြစ်ပြီး နေ့လယ်စာ ကျွေးမွေးမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းကြရန်ဖြစ်ပြီး တက်ရောက်လိုသူအမည်၊ အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်၊ သတင်းစာ၊ ဂျာနယ်တိုက်အမည်၊ ယူထားသည့်တာဝန် သို့မဟုတ် အလွတ်သတင်းထောက် သို့မဟုတ် အခြားအလုပ်၊ လိပ်စာ၊ တက်ရောက်လိုသည့်နေ့၊ ရက်တို့ကို အီးမေးလ်လိပ်စာ -mayzaw-khin@ gmail.com နှင့် ဖေ့စ်ဘွတ်ခ်တွင် https; // www.facebook.com/ pages/ Training-Program-for- Burmese Myanmar Journalists/ 1552848751634528 သို့ စာရင်းပေး သွင်းနိုင်ကြောင်းနှင့် အစီအစဉ်များ အပြောင်းအလဲရှိနိုင်သည့်အတွက် တာဝန်ခံထံ အီးမေးလ်၊ ဖေ့စ်ဘွတ်ခ်တို့မှတစ်ဆင့်ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လေးနှစ်သားကလေးငယ် မီးခြစ်ဖြင့် ဆော့ရာမှ မီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျောင်းဦးကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် အမှတ်(၁၇၀/၅-၆) ကြား သာယာကုန်းတဲတိုက်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်သုံးစီး၊ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ တဲတိုက်နေ မအေးအေးခိုင်(၂၃ နှစ်)သည် သားဖြစ်သူ ဇော်ထက်အောင်(၄ နှစ်) ကို နေအိမ်တွင် တစ်ဦးတည်းထားပြီး ရွာထဲသို့သွားနေစဉ် ဇော်ထက်အောင်သည် နေအိမ်၌ ဂက်စ်မီးခြစ်ဖြင့် ဆော့ကစားရာမှ နေအိမ်မီးဖိုချောင်ရှိ ထရံကို မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်မှုကြောင့် သုံးပင် သက်ငယ်မိုး၊ ထရံကာတဲအိမ် ၁၆ လုံး၊ လေးပင်သွပ်မိုး ထရံကာ နေအိမ်တစ်လုံး စုစုပေါင်း အိမ် ၁၇ လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ မအေးအေးခိုင်ကို ဥသျှစ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ကိုရဲ

မီးဘေးအန္တရာယ် ဝိုင်းဝန်းကာကွယ်

တက္ကသိုလ်ပေါင်းစုံ ဥပဒေပညာဘာသာရပ် လက်တွေ့သရုပ်ပြ တရားရုံးဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

တက္ကသိုလ်ပေါင်းစုံ ဥပဒေပညာဘာသာရပ် သင်ကြားရေးအထောက်အကူပြု လက်တွေ့သရုပ်ပြ တရားရုံးဆောင်ရွက်မှု လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ကျင်းပသည်။

"ဥပဒေပညာ ဘာသာရပ်ကို သင်ယူလေ့လာနေကြတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေနဲ့ စာတွေ့သာမက လက်တွေ့လေ့ကျင့်မှုများကိုပါ ပြုလုပ်စေခြင်းဖြင့် အရည်အသွေးပြည့်ဝတဲ့ ဥပဒေပညာရှင်များ ဖြစ်ပေါ်လာစေဖို့ ရည်ရွယ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဥပဒေပညာဘာသာရပ်ကို သင်ကြားပို့ချပေးလျက်ရှိတဲ့ တက္ကသိုလ်(၁၈)ခုမှ ဥပဒေကျောင်းသား ကျောင်းသူ (၅၀) နှင့် ဆရာ ဆရာမ ၂၁ ဦးကို လက်တွေ့သရုပ်ပြတရားရုံးဆောင်ရွက်မှုများကို အင်္ဂလိပ်ဘာသာစကားနဲ့ လေ့ကျင့်ပေးတဲ့ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်အဝေးသင်တက္ကသိုလ်မှာ နှစ်ရက်တာ ကျင်းပမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်အဝေးသင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှတင့်က ပြောကြားသည်။

အဆိုပါသင်တန်းကိုသက်ဆိုင်ရာ တက္ကသိုလ်များနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားသော အရှေ့တောင်အာရှနယ်စပ်ဖြတ်ကျော် ဆက်စပ်ဆောင်ရွက်မှု လက်တွေ့ဥပဒေပညာ သင်ကြားရေးအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာ တက္ကသိုလ်များ၏ ဥပဒေပညာဘာသာရပ်ဌာနမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ခံ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ဖွင့်လှစ်သော အဆိုပါ လက်တွေ့သရုပ်ပြ တရားရုံး ဆောင်ရွက်မှု လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ကြသော ဥပဒေကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေရေးရာ ကျွမ်းကျင်မှု၊ ဆင်ခြင်စဉ်းစားသုံးသပ်နိုင်မှု၊ တရားရုံးများတွင် ပါဝင်ဆောင်ရွက်မှု၊ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပညာရပ်ဆိုင်ရာ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့ကို လက်တွေ့လေ့လာနိုင်ခြင်းဖြင့် ဥပဒေအတွေ့အကြုံ ဗဟုသုတများကို သင်ယူရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လေ့ကျင့် သင်ကြားခဲ့သော ဥပဒေကျောင်းသား ကျောင်းသူများပါဝင်သည့် တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်ဘာသာစကားဖြင့် လက်တွေ့သရုပ်ပြ တရားရုံးဆောင်ရွက်မှုပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်များတွင် ဒဂုံတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
ကြော်ငြာစာအမှတ် (၁/၂၀၁၅)
လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် အမျိုးသားများအား လျှောက်လွှာခေါ်ယူပါသည်-

(က) အငယ်တန်းစာရေး (၃၈)နေရာ
(လစာနှုန်း ၈၇၀၀၀-၁၀၀၀-၉၂၀၀၀)

(ခ) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၀)နေရာ
(လစာနှုန်း ၈၇၀၀၀-၁၀၀၀-၉၂၀၀၀)

(ဂ) ဆက်သွယ်ရေး-၅ (၁၁)နေရာ
(လစာနှုန်း ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)

(ဃ) ကွန်ပျူတာအကူမှူး (၁၁)နေရာ
(လစာနှုန်း ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)

(င) ယာဉ်မောင်း-၅ (၁၀)နေရာ
(လစာနှုန်း ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) အမှတ်စဉ်(က)ရာထူးနေရာအတွက် လျှောက်ထားသူသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(စ) အမှတ်စဉ်(ခ)ရာထူးနေရာအတွက် လျှောက်ထားသူသည် ကွန်ပျူတာဘွဲ့ (B.C.Sc)ရရှိပြီးသူဖြစ်ရမည်။
(ဆ) အမှတ်စဉ်(ဂ)ရာထူးနေရာအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။
(ဇ) အမှတ်စဉ်(ဃ)ရာထူးနေရာအတွက် လျှောက်ထားသူသည် ကွန်ပျူတာလက်မှတ်တစ်ခုခုရရှိပြီး ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(ဈ) အမှတ်စဉ်(င)ရာထူးနေရာအတွက် လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင်ရရှိ၍ ယာဉ်မောင်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်(MD-010022)သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စီမံရေးရာဌာနခွဲတွင် ရယူနိုင်ပါသည်။

လျှောက်လွှာပုံစံနှင့်အတူ-

(က) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်/အောင်လက်မှတ်မိတ္တူ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ
(ဂ) သက်ဆိုင်ရာရဲစခန်းမှ ၅-၂-၂၀၁၅ ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း (ဝန်ထမ်းများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်)
(ဃ) မှတ်ပုံတင်မိတ္တူ
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ဆရာဝန်ဆေးထောက်ခံချက်
(စ) စာမေးပွဲဝင်ကြေးပေးသွင်းပြီးသည့် ချလန်မူရင်း
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ် ပူးတွဲပါရှိရပါမည်။

၅။ အစိုးရဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြင်ပမှ လျှောက်ထားသူများအနေနှင့် ဤဦးစီးဌာန(နေပြည်တော်)ရုံးသို့ လျှောက်လွှာများအား ၂၃-၂-၂၀၁၅ ရက် နောက်ဆုံးထားလျှောက်ထားရန် ဖြစ်ပါသည်။

၆။ အမှတ်စဉ် (၁)(က)မှ(ဃ)ထိလျှောက်ထားသူသည် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲအားနေပြည်တော်တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ
(ဂ) ကွန်ပျူတာကျွမ်းကျင်မှု(ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနှင့် ကွန်ပျူတာအကူမှူးရာထူး လျှောက်ထားသူများသာ)

၇။ အမှတ်စဉ်(၁)(င)လျှောက်ထားသူများကို ယာဉ်မောင်းကျွမ်းကျင်မှုနှင့်အထောက်အထားများကိုသာ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၈။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါကရုံးအမှတ် ၃၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်) ဖုန်း-၀၆၇-၄၀၈၂၄၇၊ ၀၆၇-၄၀၈၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် E-Government လုပ်ငန်း (Online Document System) နှင့် ဖန်သားမျှင်ကေဘယ်လ်သွယ်တန်းခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် E-Government လုပ်ငန်း (Online Document System) တပ်ဆင်ရန်
(ခ) E-Government လုပ်ငန်းဆောင်ရွက်ရန် မုံရွာ အော်တိုအိတ်ချိန်းမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဖန်သားမျှင်ကေဘယ်လ်သွယ်တန်းခြင်းလုပ်ငန်း

၂။ **တင်ဒါရောင်းချမည့်ရက်** -၂-၂-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၁၃-၂-၂၀၁၅ရက်၊ ၁၆:၀၀နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ**-စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၁-၂၂၇၇၃၊ ၀၇၁-၂၄၁၇၀တို့သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အာဆီယံ ပြန်လည်ထူထောင်ရေး အစီအစဉ် (မူကြမ်း) ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၅

အာဆီယံ ပြန်လည်ထူထောင်ရေးအစီအစဉ် ရေးဆွဲရေးအတွက် အာဆီယံနိုင်ငံများမှ တာဝန်ပေးအပ်ထားသော အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့် ပထမအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Disaster Management and Emergency Response-AADMER) အား အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် ဦးဆောင်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊"ဒေသတစ်ခု၊ ပြည်ထောင်စုတစ်ခု"ဆိုတဲ့ရည်မှန်းချက်ကို ရောက်ရှိစေရန်အတွက် တက်ရောက် လာကြသူများအနေနဲ့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဌာနမှ ဌာနမှူး Ms.Adelina Dwi Ekawati က ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ပြောကြားခဲ့သည်။

တက်ရောက်

နှစ်ရက်ကြာကျင်းပမည့်ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၅၀ တက်ရောက်ခဲ့ကြပြီး အာဆီယံပြန်လည်ထူထောင်ရေး အစီအစဉ်(မူကြမ်း)အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က အမှတ် ၃ ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ (၈) လမ်းထိပ်တွင် 7D/--- ပါဂျဲရိုး ကိုယ်ပိုင်မော်တော်ယာဉ် နှင့် DD/--- အငှားယာဉ်တို့ တိုက်မှုဖြစ်ပွားရာ အငှားယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ပြည်တွင်းသတင်း

မိုးပွင့်အထူးစီမံချက်နှင့်စပ်လျဉ်း၍ မိဘပြည်သူများအား အသိပေးဟောပြော

အရာတော် ဖေဖော်ဝါရီ ၅

မုံရွာခရိုင် အရာတော်မြို့နယ် ကိုင်းရွာကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မိုးပွင့်အထူးစီမံချက်ဖြင့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိဘပြည်သူများအား အသိပေးဟောပြောကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စစ်ကိုင်းတိုင်းတစ်တိုင်းလုံးအတွင်း ကျေးရွာအားလုံးကွင်းဆင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်အားလုံး၊ ကျေးရွာအားလုံး ကွက်ပြည့်နင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိုးပွင့်အထူးစီမံချက်နှင့်စပ်လျဉ်း၍ မိဘပြည်သူများ သိသင့်သည်များကို ဟောပြောခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ (၁၁)ရပ်ကွက်ရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ စာပေချစ်မြတ်နိုးသူများ စီစဉ်ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အမှတ်တရစာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ စာရေးဆရာမဂျူး ဟောပြောစဉ်။ ကိုကျော်(သုံးခွ)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ကားပါမစ်ရောင်းမည်

၂၀၁၄ ဒီဇင်ဘာလက ထုတ်ပေးထားသောနှစ်-၂၀ ၁/ခ Toyota Corolla 91 ကားပါမစ်ရောင်းမည်။

ဖုန်း-၀၉-၅၀၀၇၂၆၄၊ ၀၉-၃၁၉၄၅၆၆၉

7Stars PGDMA (16)

09-492823646, 09-421052736, 09-799860155

ပျောက်ဆုံးကြောင်း

ပျောက်ဆုံးကြောင်း

ပျောက်ဆုံးကြောင်း

CLAIMS DAY NOTICE

<u>M.V DEL SOL</u> VOY: NO (EAL 10)

Consignees of cargo carried by <u>M.V DEL SOL</u> VOY: NO (EAL 10) are here by notified that the vessel will arrive on about <u>8-2-15</u> and cargo will be discharged into the premises of yangon port.

Damaged cargo will be surveyed daily from 8:00AM to (11:20) AM and (12:00) NOON to (4:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

Apply Management Group Certificate Course @ WISE College

WISE College တွင် Apply Management Group Certificate Course ကို ဖွင့်လှစ်သွားမည်။

အဆိုပါသင်တန်းတွင် ပါဝင်သော Management Certificate Course များမှာ -

1. Certificate in Business Management
2. Certificate in Marketing Management
3. Certificate in Human Resource Management
4. Certificate in Customer Service for Business Management
5. Certificate in Business Communication

Group Certificate ... International Management Diploma ... Local Management Diploma ...

WISE College, No. 1009 (A/B), Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 01-556183, 09-255723388, 09-421154862

Myanmar Fashion Designer Association

... (Myanmar Fashion Designer Association) ... (Chic Park, Level-2, Dagon Center-2) ...

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၇၉၂၂၅ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်းထွန်း ၁၃/ကတန(နိုင်)၁၁၃၉၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် လူမှုဝန်ထမ်းဦးစီးဌာနရင်သွေးငယ်များ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် ပြတိုက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် ပြင်ပလေ့လာရေးခရီးစဉ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၁) ရန်ကုန်မှရင်သွေးငယ် ၃၀ တို့သည် ကျောင်းအုပ်ဆရာမ ဒေါ်လွင်လွင်နွယ်နှင့်ဝန်ထမ်း ဆရာ ဆရာမများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက်က ခြောက်ထပ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်၊ ဗိုလ်ချုပ်ကြေးရုပ်တု **(အပေါ်ပုံ)**နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မိတ္ထီလာတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး

မိတ္ထီလာ ဖေဖော်ဝါရီ ၅

မိတ္ထီလာတွင် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် သာသနာရေးဦးစီးမှူး ဦးကိုကိုအောင်၊ ခရိုင်အဆင့်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအဆင့် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေးခေါင်းဆောင်များက ဘာသာပေါင်းစုံ အတူယှဉ်တွဲ ချစ်ကြည်ညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်အဖွဲ့အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌနှင့်ဘာသာအသီးသီးမှ တာဝန်ရှိသူများက ကိုးကွယ်သည့်ဘာသာ အယူအဆမတူညီကြသော်လည်း တူညီသည့်အချက်များကို ညီညွတ်စွာ စုပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခရိုင်အဆင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တစ်ဆင့် မြို့နယ်အဆင့် အဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများ၏ ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလတစ်ကြိမ်ခန့် အဖွဲ့ဝင်များတွေ့ဆုံ၍ အခက်အခဲများကို အပြန်အလှန်ဆွေးနွေးတိုင်ပင်ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် မိတ်ဆွေဘာသာအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်အောင် လုပ်ဆောင်သင့်သည့်အချက်(၁၀)ချက်ကို ဆုံးဖြတ်ကြေညာခဲ့ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်မှုအဖွဲ့ ရင်ထိုးတံဆိပ်များကို ခရိုင်အဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများထံသို့ တိုင်းဒေသကြီးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပဲခူးတိုင်းဒေသကြီး မြို့နယ်များအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

ပဲခူး ဖေဖော်ဝါရီ ၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူလူထု အကျိုးအတွက် စနစ်တကျ စီမံနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင် သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများအား ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း အရှိန်အဟုန်မြင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိနေသည်။

ဖေဖော်ဝါရီ ၂ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၅၂/၅)အနီး နေရာမှ တရားမဝင် သရက်ခွဲသား ၃၈ ချောင်း ၃ ဒသမ ၅၉၂၀ တန် တင်ဆောင်လာသော ယာဉ်အမှတ် ၇ယ/---- ကင်တာအဖြူရောင်တစ်စီးအား ပြစ်မှုကျူးလွန်သူ ယာဉ်မောင်းတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော အကွက်အမှတ် XVI အတွင်းမှ ကျွန်းသစ်လုံး ငါးလုံး ၀ ဒသမ ၈၉၀ တန်ကို ပိုင်ရှင်မဲ့ အဖြစ်လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်က ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာအနီးမှ တရားမဝင် သင်္ဂဒူခွဲသား ၃၄ ချောင်း ၃ ဒသမ ၉၂၇၂ တန် တင်ဆောင်လာသော ယာဉ်အမှတ် ၆က/---- BLAC ခြောက်ဘီးခဲရောင်ယာဉ် တစ်စီးကို ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း/သစ်ပိုင်ရှင် တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ကိုပါအီတာလီယာဖလား နာပိုလီ ဆီမီးတက်

အီတလီ ကိုပါအီတာလီယာဖလားပွဲစဉ်ကို ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းက နာပိုလီနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နာပိုလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်တွင် နာပိုလီနှင့် အင်တာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းပြီးချိန်တွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်း ပွဲချိန် မိနစ်၉၀တွင် နာပိုလီအတွက် အဖိုးတန်ဂိုးကို ဟီဂူအင်က သွင်းယူပေးခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နာပိုလီအသင်းနှင့် လာဇီယိုအသင်းတို့ တွေ့ဆုံမည်ဖြစ်သည်။ အခြားပွဲစဉ်တွင် ဂျူဗင်တပ်စ်နှင့် ဖီအိုရင်တီးနားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **သီဟ**

ဖေဖော်ဝါရီ ၄/၅ ဂိုးရလဒ်များ

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၉) ဂိုးရလဒ်များ

ဒေါ့မွန်	၀-၁	အော့စ်ဘတ်
ဟော်ဖန်ဟိမ်း	၁-၂	ဝါဒါဘရီမင်
ဟာသာဘာလင်	၀-၁	လေဗာကူဆင်
ကိုလုံး	၀-၀	စတုဂတ်
ပါဒါဘွန်	၀-၃	ဟမ်းဘတ်

ပြင်သစ်လိဂ်ဖလား ရလဒ်

မိုနာကို	၆-၇	ဘတ်စ်တီယာ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/5771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4096 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မဒရမ်ဘီဘီ(ဘ)ဦးမူဆာဂိုလန်အာရမ်(ဖ်) ၁၂/ဗဟန(နိုင်)၀၈၀၅၈၈၈ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၇၁/၂၇၃ နေ (၁)ဒေါ်ကြည်ကြည်ဝင်း(ခ)အနီဆာ(ဘ) ဦးဝိုင်အီးအီစွတ် ၁၂/ကတတ(နိုင်)၀၂၅၇၄၉ နှင့် (၂)ဦးသိန်းအောင်(ဘ)ဦးလှမြင့် ၁၂/ကတတ(နိုင်) ၀၂၄၅၅၆တို့အား လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၉-၅-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ် ၇၃၅၉ ကို ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်သဖြင့် ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်လတ် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၂၉)
အမှတ်(၅၅)၊ အခန်း(၅)ဒုတိယထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

နှစ်(၂၀)ပြည့် ကြွေရတု မင်္ဂလာဆုတောင်းလွှာ

၆-၂-၂၀၁၅ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဒုရဲမှူးမျိုးမြင့်နှင့် ချစ်မေမေ ဒေါ်နှင်းနှင်းထွန်း တို့၏ နှစ်(၂၀)ပြည့် ကြွေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ချစ်သောသားများနှင့်အတူ ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော မိသားစုဘဝကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သားများ
မောင်အံ့ခိုင်စိုး(ဒုတိယနှစ်၊ မွေး/ဆေး၊ ရေဆင်း)
မောင်မျိုးသက်ဟိန်း ပဥ္စမတန်း(D)
အထက(၁)ပြည်
မောင်နေမျိုးလင်း သူငယ်တန်း(A)
Shining Star For Kids

မီးသတိပြု

အများသိစေရန် အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာအုပ်စု၊ ကွင်းအမည် သိမ်အင်း၊ ကွင်းအမှတ် ၆၈၄၊ဦးပိုင်အမှတ်(N-၄)၊ဧရိယာ ဒသမ ၀၀ ဧကရှိ မြေကွက်ကြီးအနက်မှ (အလျား ၅၅ပေ×အနံ ပေ၆၀) အကျယ်အဝန်းရှိ အကွက်အမှတ်(C-1) (ရကက-၂၁)ဟု ခေါ်တွင်သောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းထွန်းဝင်း ၁၃/ရစန(နိုင်)၀၀၆၀၃၀ထံမှ ဦးသက်ချစ် IJN-၅၆၀၆၆၉ က အပြီးအပိုင်ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသက်ချစ် IJN-၅၆၀၆၆၉

ပြည်တွင်းသတင်း

စဉ့်ကိုင်မြို့နယ် ပလိပ်အင်းဒေသမှ ပန်းဂေါ်ဖီစိုက်ခင်းများ

မန္တလေး ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်အင်းဒေသရှိ တောင်ယာစိုက်ခင်းများတွင် အင်းရေကျချိန် စိုက်ပျိုးရေးလုပ်ငန်းများ အနက် ယခုအချိန်တွင် ပန်းဂေါ်ဖီများကိုသာ အဓိကအားထားစိုက်ပျိုးကာ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါပလိပ်အင်းကြီးသည် ကုန်းတွင်းရေတိမ်ဒေသ အင်းအိုင်အမျိုးအစားဖြစ်ပြီး အင်းအရှည် ၂ ဒသမ ၃ ကီလိုမီတာနှင့် အကျယ် ၂ ဒသမ ၁ ကီလိုမီတာရှိကာ မြစ်ငယ်မြစ်မှ အင်းအတွင်းရေဝင်ရေထွက်ပြုလုပ်လျက်ရှိပြီး ဆောင်းဥတုနှင့် နွေရာသီရေနည်းပါးချိန်တို့တွင် ၎င်းအင်းသို့ ဆောင်းခိုငှက်များ လာရောက်ပုံသန်း ကျက်စားတတ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လေ့ရှိကြောင်း ၎င်းအင်းမှ တောင်သူဦးကြီးမြင့်က ပြောသည်။

"အခုလိုရေကျချိန်မှာ အဘတို့ တောင်ယာစိုက်ပျိုးရေးတွေ စတင်လုပ်ကြရတယ်။ စိုက်တာကတော့ ဖရဲ၊ သခွား၊ ခရမ်း၊ ငရုတ်နဲ့ ပန်းဂေါ်ဖီ အစုံပေါ့။ ဒါပေမယ့် ဒီအချိန်မှာ အဓိကပန်းဂေါ်ဖီကိုပဲ စိုက်ကြတယ်။ သူက ရာသီစာလည်းဖြစ်တော့ အပင်မဖြစ်သေးဘူး၊ ကုန်သည်တွေ ရောက်လာပြီး စိုက်ခင်းအလိုက် ဈေးဖြတ်ပြီး ငွေကို ကြိုပေးသွားကြတယ်လေ။ ဒါကြောင့်အဘတို့ ဒီအင်းကလူတွေက ပန်းဂေါ်ဖီနဲ့ ဒီအချိန်မှာ ငွေရှာကြပါတယ်"ဟု ပြောသည်။

ပလိပ်အင်းဒေသအတွင်းသို့ ဆောင်းခိုငှက်များနှစ်စဉ်ဒီဇင်ဘာလမှစပြီးဝင်ရောက်လာကြကာ ဇန်နဝါရီလလယ်မှ ဖေဖော်ဝါရီလအတွင်း ငှက်မျိုးစိတ်စုံ လာရောက်မှုကြောင့် အင်းအတွင်းဆောင်းခိုငှက်များပေါများစွာရှိနေကြသလို အင်းအတွင်းယာခင်းများတွင်လည်း ပန်းဂေါ်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေလေ့ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးဆောင်ရွက်

မိုင်းပွန် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်မြို့တွင်း ကုန်းလွယ်ရပ်ကွက် ရေပူလမ်း ဝ ဒသမ ၅ မိုင်အရှည်ရှိ လျှပ်စစ်ကြိုး AAC 95 mm (square) ကြိုးများ တပ်ဆင်လဲလှယ်ခြင်းလုပ်ငန်းကို ဇန်နဝါရီလကုန်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

ယခင်က အဆိုပါရပ်ကွက်တွင် ACSR 25 mm (square) ကြိုးတစ်သွင်နှစ်ကြိုးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ဗို့အား အပြည့်အဝမရရှိခြင်းကြောင့် AAC 95 mm (square)ကို ပြောင်းလဲ တပ်ဆင်နေခြင်းဖြစ်ကြောင်း မိုင်းပွန်လျှပ်စစ်ရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ ယခုအခါတွင် သုံးသွင်လေးကြိုးကို ပြောင်းလဲတပ်ဆင်ခြင်းဖြင့် မိုင်းပွန်ကျောက်တိုင်ဝင်းရှိ ၃၁၅ ထရန်စဖော်မာလည်း ဝန်နှင့်အားမျှတစွာအသုံးပြုနိုင်ပြီး အဆိုပါရေပူလမ်းရှိ အိမ်ခြေ ၅၀ ခန့်မှာလည်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မိုးလွင်ဦး (လွိုင်လင်)

လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းဖွင့်

ဘိုကလေး ဖေဖော်ဝါရီ ၅

ဘိုကလေး စက်မှုလယ်ယာဦးစီးဌာနမှ ကျေးရွာအုပ်စုများရှိ တောင်သူများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများကို မိမိကိုယ်တိုင်ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်လျက်ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှု သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာ၌ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးဝန်ကြီး ဦးဆန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးလှဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

"ဒီသင်တန်းတွေ ဖွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နှစ်စဉ်နှစ်တိုင်းကျွန်တော်တို့ လယ်သမားတွေ လုပ်ငန်းချိန်မှာ လယ်ယာလုပ်သားရှားပါးတဲ့အတွက် လုပ်ငန်းတွေ အနှောင့်အယှက်ဖြစ်နေရပါတယ်။ စက်ရှိပြီး ကိုယ်တိုင်မောင်းနှင်ပြုပြင်တာတွေ မလုပ်တတ်ပြန်ရင်လည်း စက်မောင်းဖို့၊ စက်ပြင်ဖို့ လုပ်သားရှာရတဲ့အတွက် ငွေအရင်းအနှီးပိုများပြီး လုပ်ငန်းကြန့်ကြာလေ့ရှိပါတယ်။ အခုကျွန်တော်တို့ ကိုယ်တိုင်ပြုပြင် မောင်းနှင်တတ်လာရင် လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်နိုင်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ ဘိုကလေးမြို့နယ် အတွင်းရှိ မလော့၊ ညီနောင်၊ အေးရွာ၊ ပေချောင်းကြီးစသည့် ကျေးရွာများမှ တောင်သူများတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးရှင်းလင်း

မော်လမြိုင် ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ ဦးဆောင်၍ မွန်ပြည်နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး သိကောင်းစရာများ ရှင်းလင်းပညာပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က မော်လမြိုင်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (က) ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က အမှာစကားပြောကြားပြီး ဌာနခွဲမန်နေဂျာ ဦးသိန်းထွေးက မီးဘေးအန္တရာယ်ကင်းရှင်းစေရေး Petroleum Products Handling Process များကို ရှင်းလင်းတင်ပြကာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးမြကြိုင်က မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး လက်ရှိရောင်းချနေသော ဆီဆိုင်ပိုင်ရှင်များနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် မီးလောင်မှု ၆၂ ကြိမ်ဖြစ်ပွား၍တန်ဖိုးငွေကျပ် ၆၉၀ ဒသမ ၂၄၄ သန်း ဆုံးရှုံးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မီးလောင်မှု ၆၉ ကြိမ် ဖြစ်ပွား၍ တန်ဖိုးငွေကျပ် ၇၀ ဒသမ ၂၈၈ သန်း ဆုံးရှုံးခဲ့သည်။ ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း မီးလောင်မှု ကိုးကြိမ်ဖြစ်ပွားကာ တန်ဖိုးငွေကျပ် ၁၆၀ ဒသမ ၁၂၅၀၀ သိန်း ဆုံးရှုံးခဲ့ကြောင်းသိရသည်။ **ကိုဆက်**

မိုးပွင့်(အထူး) စီမံချက်ရှင်းလင်း

မူဆယ် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က မိုးပွင့်(အထူး) စီမံချက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးရှင်းလင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းက မိုးပွင့်(အထူး) စီမံချက်နှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များနှင့်ပိုစတာများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

မိုးပွင့်(အထူး) စီမံချက်အတွက် အလှူငွေပေးအပ်

ဟိုပန် ဖေဖော်ဝါရီ ၅

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်အတွင်း မိုးပွင့်အထူး နိုင်ငံသားစိစစ်ရေးကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိရာ ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းအထောက်အကူပြုနိုင်စေရန် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ဟိုပန်မြို့ ၃၁ ဘုံဆုတောင်းပြည့်စေတီရှိ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖေသက်ထွန်း၊ ပန်လုံမြို့အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးနှင့် ဒေသခံများ တက်ရောက်ကြသည်။

ဟိုပန်မြို့ ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးခွန်စိန်က အလှူငွေပေးအပ်လှူဒါန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် မြို့နယ် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးဝင်းရှိန်က လက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တိုးချဲ့ဆောင်ကို ဖျားနာဆောင်နှင့် ကလေးလူနာဆောင်များအဖြစ် အသုံးပြုမည်

ကလေး ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ အဆောင်ဘီ တိုးချဲ့ဆောင်ကို ဖျားနာဆောင်နှင့် ကလေးလူနာများဆောင်အဖြစ် ထားရှိသွားမည် ဖြစ်ကြောင်း သိရသည်။

"လက်ရှိဆောက်နေတဲ့ တိုးချဲ့ဆောင် အဆောင်ဘီမှာ အပေါ်ထပ်ကို ကလေးလူနာကုသဆောင်၊ အောက်ထပ်ကို ဖျားနာကုသဆောင် ဆိုပြီး ထားရှိသွားဖို့ ညှိနှိုင်းထားပါတယ်။ အဆောက်အအုံကတော့ ၉၆ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။ စစချင်းလုပ်တဲ့လုပ်ငန်းအားလုံးကတော့ ပြီးစီးပါပြီ။ ထပ်ပြီးတိုးချဲ့တဲ့လုပ်ငန်းတွေဖြစ်တဲ့ သံပန်းတပ်တာတွေ၊ ရေအိမ်သာလုပ်ငန်းတွေကျန်နေတာပါ"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ စိန်အေးက ပြောသည်။

ကလေးမြို့ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၂၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၂၀၊ ဖြည့်စွက်လုပ်ငန်း တောင်းခံငွေကျပ် ၈၄ ဒသမ ၃ သန်းဖြင့် သံကူကွန်ကရစ် အဆောက်အအုံကို ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ပြည်တွင်းသတင်း

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

အင်းစိန်မြို့ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရွှေဥဒေါင်းစွာ နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ဆရာတော်ကြီးများက လောကချမ်းသာအဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားပူဇော်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် ပူဇော်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဘုရားအမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင် ဝန်ကြီးများ၊ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်နှင့် မြို့နယ်အသီးသီးတို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်း မိသားစုများ၊အလှူရှင်များက ဆွမ်းဆန်စိမ်းများကို လောင်းလှူပူဇော်ခဲ့ကြသည်။ **မြင့်ဦး(အင်းစိန်)**

မြသပိတ်စေတီတော်နှင့်နီးဘုရား ဗုဒ္ဓပူဇနိယပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် သထုံမြို့ မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော် မြတ်ကြီး၏ (၅၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တောင်ခြေရှိ မြန်မာနိုင်ငံ၌ အကြီးဆုံးဖြစ်သော နီးဘုရားကြီး ဗုဒ္ဓပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တပို့တွဲလပြည့်နေ့) က စည်ကားစွာကျင်းပခဲ့သည်။ တောင်ထိပ်ရှိဆံတော်ရှင်စေတီတော်မြတ်ကြီးကိုသံဃာတော် ၁၀၈ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၃၇ ကျောင်းမှ သံဃာတော် ၅၈၅ ပါး နှင့်သီလရှင်ကျောင်းတိုက် ၃၆တိုက်မှ သီလရှင် ၈၈ ပါးတို့ကို အလှူရှင်များက ရာဟု(ထမနဲ) ၊ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုများကို တောင်ခြေတွင်စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။ အဆိုပါ ဗုဒ္ဓပူဇနိယပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၃၁ရက်မှစတင်ကာ ဗုဒ္ဓဒေသနာတော်များကို အသံမစဲရွတ်ဆိုပူဇော်ခဲ့ကြပြီး စေတီတော် တက်လမ်းတစ်လျှောက် ဆီမီး ၉၀၀၀ ဖြင့်ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **သက်ဦး (သထုံ)**

တပ်ကုန်းမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၅

နေပြည်တော်တပ်ကုန်းမြို့၌ အကြိမ်(၄၀)မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၃ ရက်က တပ်ကုန်းမြို့ ငွေတောင်တောရပရိယတ္တိစာသင်တိုက်ကျောင်းမှ မိုယ်းကောင်းဆုတောင်းပြည့် စေတီမြတ်ကြီးအထိ မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

အဆိုပါမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ငွေတောင်တောရဘုန်းတော်ကြီးကျောင်း များနှင့် အနီးပတ်ဝန်းကျင်ရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ တော် အပါး၅၀၀၊ သီလရှင်အပါး ၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လှူဖွယ်ပစ္စည်းမျိုးစုံများနှင့် ဆွမ်းဆန်စိမ်းများလောင်းလှူခဲ့ကြကြောင်း သိရသည်။

(၄၁၇)

ကျေးရွာစာကြည့်တိုက်မှူး (ဆင့်ပွား) သင်တန်းဆင်း

ပင်လည်ဘူး ဖေဖော်ဝါရီ ၅

ကျေးရွာစာကြည့်တိုက်များကို စနစ်တကျ ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးဟောင်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှကြီးမှူး၍ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကာ ကျေးရွာစာကြည့်တိုက်မှူး (ဆင့်ပွား) သင်တန်းကို ဇန်နဝါရီ ၃၁ ရက်မှစ၍ ၃ ရက်ကြာ ဖွင့်လှစ်ကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၁၁၄ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်တောသစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ပြင်ဦးလွင် ညံတောဘုရားပွဲ တိုးမပေါက်အောင်စည်ကား

ပြင်ဦးလွင် ဖေဖော်ဝါရီ ၅

သီရိဓမ္မာသောကမင်းကြီး တည်ခဲ့သော ရေကန်ပေါင်း ရှစ်သောင်းလေးထောင် စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် တစ်ဆူအပါအဝင်ဖြစ်သည့် ပြင်ဦးလွင်မြို့ သမိုင်းဝင်ရွှေမြင်တင်ဘုရားပွဲတော်ကို ကျင်းပလျက်ရှိရာ တပို့တွဲလပြည်နေ့က တိုးမပေါက်အောင် စည်းကားလျက်ရှိကြောင်း သိရသည်။

သီရိဓမ္မာ သောကမင်းကြီးသည် တိုင်းခန်းလှည့်လည်လာရင်း ယခု စေတီတည်ထားသော နေရာအရောက်တွင် ရွှေသမင်တစ်ကောင်ကို မြင်တွေ့သောကြောင့် စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပြီး ရွှေသမင်မြင်စေတီဟု အမည်တွင်ခဲ့ရသည်။ ကာလရွေ့လျှားလာသောအခါ ရွှေသမင်မြင်စေတီမှ ရွှေမြင်တင်စေတီဟု ကျော်ကြားကာ လူသိများခဲ့ရသည်။

သို့သော်လည်း ရွှေမြင်တင်စေတီသည် ပြင်ဦးလွင်မြို့ ညံတောရပ်ကွက်အတွင်းတွင် တည်ရှိနေသောကြောင့် ညံတောဘုရားဟု အလွယ်တကူခေါ်ဝေါ်ခဲ့ကြပြီး ဘုရားပွဲတော်ကိုလည်း ညံတောပွဲဟုခေါ်ဆိုကာ ၁၂ လရာသီဈေးများတွင် ထင်ရှားလာခဲ့သည်။

ပွဲတော်ကို ရှေးယခင်နှစ်အဆက်ဆက်မှ နှစ်စဉ် တပို့တွဲလဆန်း ၉ ရက်နှင့် ၁၀ ရက်တို့တွင် စတင်ကျင်းပလေ့ရှိပြီး တပို့တွဲလပြည့်နေ့သည် အစည်ကားဆုံးဖြစ်ကြောင်း သိရသည်။ ညံတောဘုရားပွဲတော်သို့ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်ရှိ ရှမ်းရွာများမှ ရွာလုံးကျွတ်လာရောက်ကြသောကြောင့်လည်း ရှမ်းပွဲဟု တင်စားခေါ်ဝေါ်ခြင်း ခံခဲ့ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ပုသိမ်မြို့ နိဂြောဓာဗျာဒိတ်ပေးဘုရားလှည့်လည်ပူဇော်ပွဲ စည်ကား

ပုသိမ် ဖေဖော်ဝါရီ ၅

ပုသိမ်မြို့ သမိုင်းဝင်နိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက် က ကျင်းပခဲ့သည်။ နိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၂ နှစ်ကာလမှ စတင်၍ ကျင်းပလာခဲ့ကြောင်း မြန်မာနိုင်ငံတွင် ပုသိမ်တစ်မြို့တည်းသော ဗုဒ္ဓဝင်ပွဲတော်ကြီးဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌက ပြောသည်။

ထူးခြားသည်မှာ ပစ္စည်းအား၊ ငွေအား၊ နွား၊ လှည်းမြောက်မြားစွာ အသုံးပြုရသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသည်များသည်ပင် ရင်သပ်ရှုမော ထောပနာပြုကြသော ဗုဒ္ဓဝင်ပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရန်ပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ်ပြုလုပ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်ညနေ ၃နာရီခွဲမှ ညနေ ၄ နာရီ ၄၅မိနစ်အထိ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ၊ အင်းပိုင်းရှိ ဦးဘချစ်၏ အုတ်ဖိုဘေးမြေကွက်လပ်၌ ကျင်းပသည့် လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် အမှတ် (၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ဒုရဲအုပ် ဌေးလွင်က ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ တွေ့ကြုံနိုင်သည့် အခက်အခဲ များ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု ဆိုင်ရာ အကြောင်းအရာများ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးသူများ အသုံးပြုသော နည်းလမ်းများအကြောင်း ဟောပြောခဲ့ပြီး ဟောပြောပွဲသို့တက်ရောက်သည့် ကျေးရွာနေပြည်သူ ၄၀ တို့အား ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

လယ်ယာမြေများ ဖော်ထုတ်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ရေတာရှည် ဖေဖော်ဝါရီ ၅

လယ်ယာစိုက်ပျိုးသည့် တောင်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာ ဓမ္မာရုံ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ လယ်ယာလုပ်ငန်းခွင် လုပ်သားရှားပါးမှုကို အစားထိုးနိုင်သော စက်ကိရိယာများတွင်ကျယ်စွာအသုံးချနိုင်ရေး၊ ဆွာချောင်းဆည်အား ရေရှည်ခိုင်ခံ့စွာ သုံးစွဲနိုင်ရေးနှင့် ဆည်ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ရေးတို့အား တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရာတွင် ရေတာရှည်မြို့နယ်၌ နွေစပါးစိုက်ပျိုးဧက နှစ်သောင်းကျော်ရှိသည့်အနက် ကနဦး သပြေတန်းကျေးရွာအုပ်စုနှင့် ကုန်းကြီးကျေးရွာအုပ်စုများရှိ မြေဧက ၅၀၀ အား စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ထမံသီဘေးမဲ့တော၌ တိရစ္ဆာန်နှင့်အပင်စာရင်းကောက်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း၊ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ တည်ထောင်ခြင်း၊ သစ်တောဥပဒေ၊ နည်းဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစေရန်အတွက် ဘေးမဲ့တောများအတွင်း ကင်းလှည့်စစ်ဆေးခြင်း၊ တိရစ္ဆာန်နှင့် အပင်စာရင်းကောက်ယူခြင်း စသည်တို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်နှင့်ဟုမ္မလင်းမြို့နယ်အတွင်းတည်ရှိသော ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ကျား၊ အင်းကျားအပါအဝင် ကြောင်မျိုးစိတ်များအား သိပ္ပံနည်းကျလေ့လာဆန်းစစ်ရန်ရည်ရွယ်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နှင့် Wildlife Conservation Research Unit(Wild CRU) တို့သည် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဘေးမဲ့တောအတွင်း ကင်မရာထောင်ချောက်များတပ်ဆင်ကာ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ၁-၉-၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၁၉၇၄ ဖြင့် ဧရိယာ ၅၃၁၄၅၆ ဧက၊ ၈၃၀ ဒသမ ၄၀ စတုရန်းမိုင်အား အတည်ပြုသတ်မှတ်ကြေညာခဲ့သည်။ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ကျားကျက်စားရာ နယ်မြေတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ကျားကျက်စားရာ နယ်မြေဖြစ်သည့် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ဘေးမဲ့တောအတွင်း ဆင်၊ ကျား၊ ကျားသစ်၊ အင်းကျား၊ တောခွေး၊ မျောက်လွှဲကျော်၊ ပြောင်၊ ဆတ်နှင့်တောဝက် စသည့် နို့တိုက်သတ္တဝါ ၃၇ မျိုး၊ ငှက်မျိုးစိတ် ၁၈၁ မျိုး၊ လိပ်မျိုးစိတ် ၂၅ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုးနှင့် လိပ်ပြာမျိုးစိတ် ၂၅ မျိုးတို့အား လေ့လာတွေ့ရှိ မှတ်တမ်းတင်ထားသည်။

၂၀၁၃ ခုနှစ်အတွင်း ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ BBC ရိုက်ကူးရေးအဖွဲ့မှ ကင်မရာထောင်ချောက်များ တပ်ဆင်၍ မှတ်တမ်းတင်ခဲ့ရာ ကျားအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၂၇ မျိုး၊ ငှက်မျိုးစိတ်ငါးမျိုး၊ ရေဘဲ တစ်မျိုး စုစုပေါင်း ၃၃ မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။

ယခု ဆောင်ရွက်ခဲ့သော ကင်မရာထောင်ချောက် ဓာတ်ပုံမှတ်တမ်းများ အရ ကျား၊ တောဝက်၊ ပြောင်၊ ချေ၊ အင်းကျား၊ ကြောင်မင်း၊ ဆတ်ခလောက်နှင့် ကြောင်မြင်း စသည့် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ အောက်ချင်းနှင့် အောင်လောင် စသည့် ငှက်မျိုးစိတ်များအား လေ့လာတွေ့ရှိခဲ့ပါသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရှားပါးတိရစ္ဆာန်များဖြစ်သည့် ကျား၊ အင်းကျားစသည်တို့ကို စဉ်ဆက်မပြတ်မှတ်တမ်းတင်နိုင်ခြင်းသည် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှု၏ အသီးအပွင့်ပင်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဇန်နဝါရီလအတွင်း နိုင်ငံခြားသားခြောက်သောင်းကျော်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၅ ခုနှစ် နှစ်ဦး ဇန်နဝါရီလအတွင်း နိုင်ငံခြားသား ၆၁၂၄၃ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသည်။ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးတွင် နိုင်ငံခြားသား ၅၀၀၀၀၀ ခန့် ရောက်ရှိဖူးမြော်ခဲ့သည့်အနက် အများဆုံးရောက်ရှိသည့်လမှာ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့ဖြစ်ပြီး နိုဝင်ဘာလတွင် ၆၂၁၇၀ နှင့် ဒီဇင်ဘာလတွင် ၆၂၇၉၄ ဦးတို့ ရောက်ရှိခဲ့ကြသည်။

ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တစ်လတည်းတွင်ပင် နိုင်ငံခြားသား ၆၁၂၄၃ ဦး ရောက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ၅၀၃၉၈ ဦးသာ ရောက်ရှိခဲ့ခြင်းကြောင့် ယခုနှစ် နှစ်ဆန်းတစ်လတည်းတွင် ယမန်နှစ်ကထက် နိုင်ငံခြားသား ၁၃၀၀၀ ခန့် ပိုမိုရောက်ရှိဖူးမြော်ခဲ့ကြကြောင်း သိရသည်။

ယခု ဇန်နဝါရီလရောက်ရှိသည့် နိုင်ငံခြားသားများတွင် အများဆုံးမှာ ထိုင်းနိုင်ငံသား ၁၇၅၅၁ ဦး၊ ဒုတိယ ကိုရီးယားနိုင်ငံသား ၅၅၉၄ ဦး၊ တတိယတရုတ်နိုင်ငံသား ၅၁၈၇ ဦး၊ စတုတ္ထဂျပန်နိုင်ငံသား ၄၃၈၈ ဦး၊ ပဉ္စမအများဆုံး အမေရိကန်နိုင်ငံသား ၄၀၀၇ ဦးတို့ပါဝင်ပြီး နိုင်ငံပေါင်း ၂၀ ကျော်မှ စုစုပေါင်း နိုင်ငံခြားသား ၆၁၂၄၃ ဦးတို့ဖြစ်သည်။

ဧည့်ဝင်ကြေး အလှူငွေအဖြစ် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ နိုင်ငံခြားသား ဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းကောက်ခံခဲ့ခြင်းကြောင့် ယခုဇန်နဝါရီလ တစ်လတည်းတွင် နိုင်ငံခြားသား ၆၁၂၄၃ ဦးထံမှ ငွေကျပ် ၅၀၅၉၄၄၀၀၀ (ကျပ်သိန်းပေါင်း ၅၀၅၉ သိန်းကျော်) အလှူခံရရှိခဲ့သည်။

"လာရောက်ဖူးမြော်ကြတဲ့ ဧည့်သည်တွေထဲမှာ တစ်ဦးချင်း၊ တစ်မိသားစုချင်းရှိသလို၊ ခရီးသွားကုမ္ပဏီကြီးတွေရဲ့ အစီအစဉ်နဲ့ အုပ်စုလိုက်ရာနဲ့ချီပြီး လာရောက်ကြတာလည်းရှိတယ်။ တချို့ကအစုအဖွဲ့အလိုက် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စတွေနဲ့လာရင်း ရွှေတိဂုံစေတီတော်ကို မဖြစ်မနေလာရောက်ဖူးမြော်ကြည်ညိုကြတာ ဖြစ်တယ်။ ကျွန်တော့်ဧည့်သည် မိသားစုဆိုရင် ဒီအနီးအနားက ဟိုတယ်မှာတည်းပြီး ရွှေတိဂုံကို သုံးရက်ဆက်တိုက်ပို့ပေးရတယ်။ ရွှေတိဂုံစေတီကြီးကို တစ်နေကုန်ကြည်ညိုပြီး ရင်ပြင်တော်ပေါ်မှာရှိတဲ့ ရှေးဟောင်းသာသနိကအဆောက်အအုံတွေကို တအံ့တဩနဲ့ ဓာတ်ပုံရိုက်ကြတယ်" ဟု စေတီတော်ရင်ပြင်ပေါ်၌ တွေ့ဆုံခဲ့ရသည့် ခရီးသွား ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ကိုချစ်

ပြည်တွင်းသတင်း

သတင်းတို

ဓာတ်အားခွဲရုံသို့ အင်အားတိုးချဲ့တပ်ဆင်

သာယာဝတီ ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ရှိ (၃၃/၁၁)ကေဗွီ 5MVAဓာတ်အားခွဲရုံမှ နွေရာသီတွင် ပြည်သူများအား လျှပ်စစ်ဓာတ်အား ကောင်းမွန်နိုင်နင်းစွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားပိုမိုတိုးချဲ့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် 10 MVA ဓာတ်အားခွဲရုံသို့ အင်အား တိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၀ ရက်က တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၊ သာယာဝတီခရိုင်၊ လျှပ်စစ်အင်ဂျင်နီယာတို့မှ ကြီးကြပ်မှုဖြင့် သာယာဝတီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများ၊ သုံးဆယ်မြို့ လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများက အမြန်လဲလှယ်တပ်ဆင်၍ ဓာတ်အားများကို ပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ခင်ဇော်(သာယာဝတီ)

ညောင်ရွှေမြို့ မဟာရန်အောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲ

ညောင်ရွှေ ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ နန္ဒဝန်ရပ် (၄)အကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာရန်အောင် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ်မြောက် (၁၃၇၆ ခုနှစ်)ပြည့် ဗုဒ္ဓပူဇနိယ ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ပဏ္ဍဝါစက ပဓာနဆရာတော် ဘဒ္ဒန္တပညာဝံသ၊ သာသနာ့ဝိပုလရွှေဂူ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကဉာဏ၊ လှိုင်ကြူ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဓက စသော အရှင်သူမြတ်တို့၏ ဩဝါဒကိုခံယူလျက် ဘုရားဒါယကာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးဘုန်းကြွယ်- ဒေါ်ခင်စိန် (UBK သောက်ရေသန့်လုပ်ငန်းရှင်)တို့က သံဃာတော်အရှင်သူမြတ်များကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မဟာရန်အောင်စေတီတော်တွင် သံဃာတော်အပါး ၉၀၀ နှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး ၁၀၀ တို့ကို ဆွမ်းဆန်တော်လောင်းလှူပြီး တရားတော်နာ ရေစက်သွန်းချခဲ့ကြောင်း သိရသည်။

(၀၅၄)

မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

မိုးညို ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဝန်ထမ်းများသည် မိုးပွင့်အထူးစီမံချက်ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျေးရွာအုပ်စု ခြောက်ခုတွင် ၁၀ နှစ်ပြည့် နိုင်ငံသားကတ် ၄၄၁ ဦး၊ ၁၈နှစ်ပြည့် နိုင်ငံသားကတ် ၁၃၀၂ ဦးတို့ကို ထုတ်ဝေပေးခဲ့ကြောင်းနှင့်စီမံချက်အရ ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်လတ်(မိုးညို)

" အများသိစေရန် "

[illegible] Global Money Service Co.,Ltd [illegible] Golden Money Service Co.,Ltd [illegible] MR. CHOI JUNG HO, MR. KOH KYU CHEOL, MR. KANG SU JEONG [illegible] Global Money Service Co.,Ltd [illegible] MR. CHOI JUNG HO(P.P NO. - M 58714812) [illegible]

Global Money Service Co.,Ltd [illegible] Golden Money Service Co.,Ltd [illegible] MR. CHOI JUNG HO [illegible]

MR. CHOI JUNG HO [illegible] (LL.B, D.B.L) [illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible] LL.B, D.B.L [illegible] LL.M [illegible] LL.B, D.B.L [illegible] LL.B [illegible] LL.B [illegible] LL.B, D.B.L

ပျောက်ဆုံးကြောင်း

ကျွန်တော် သက်နိုင် ၇/ဝမန(နိုင်)၀၉၅၃၄၂၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၀၅၆၂၈၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/5754 TOYOTA COROLLA EE 103 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဆောင်းဦး ၁၂/ကမရ(နိုင်)၀၀၀၅၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၃၃၈၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ထောင်စုငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကုက္ကိုဝတံတားချဉ်း ကပ်လမ်းမြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ရွေးချယ်မြေကောင်း(Borrow Soil) နှင့် သဲများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၂) ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၆-၂-၂၀၁၅ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂)အောင်ဇေယျတံတားဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၄၃၇၀ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(၃) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၁၅ရက်၊ မွန်းတည့် ၁၂နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၃-၂-၂၀၁၅ရက်၊ မွန်းလွဲ ၁း၃၀နာရီ

တင်ဒါဖွင့်မည့်နေရာ - ကုက္ကိုဝတံတားစီမံကိန်း ရှင်းလင်းဆောင်၊ ထန်းတပင်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့(၂)
ရန်ကုန်မြို့

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
၂၀၁၄ ခုနှစ်၊ သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ကိုးထပ်ကြီးဘုရားအနီး မူလဥယျာဉ်တိုက်၊ သုခမကျောင်း၌ ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်တိုင်းနှင့် ပေါင်းတည်မြို့နယ်သူ/နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြား ဖိတ်စာမပို့ပါ။)

ပညာရည်ချွန်ဆုလျှောက်လွှာများကို ၁၅-၂-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့ပါရန်။

အမှုဆောင်အဖွဲ့
ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ပြည်တွင်းသတင်း

ပြည်ထောင်စုနေ့အထိမ်းအမှတ် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

ပြပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စာအုပ်စာစောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းမှတ်ရာဓာတ်ပုံများ၊ ကောက်နုတ်ချက်များ၊ ဆောင်ပုဒ်များ၊ သရုပ်ပြကာတွန်းပုံများကို ခင်းကျင်းပြသခဲ့သည်။

ပြပွဲတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက စာအုပ် စာပေများမှ ရရှိသော အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မူမူအေးက စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပရခြင်းအကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားအတုယူဖွယ်ရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ၁၀၀၀ ခန့်က စာအုပ်စာစောင်များ၊ ဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မြောင်းပုလဲရပ် အထက်တန်းကျောင်းခွဲနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး(သံကူကွန်ကရစ်တံတား)သစ်ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်မည့် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ကျေးလက်ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ဟွေလိတ်(ခိုခမ်း)တံတားသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် လင်းခေးမြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်နှင့် လင်းခေးခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဟွေလိတ်(ခိုခမ်း) တံတားသစ်သည် လင်းခေး-နမ့်တုတ်-နောင်လုံ-ဝမ်စစ်ကျေးရွာအုပ်စုသွားလမ်းပေါ်တွင်တည်ရှိပြီး အရှည်ပေ ၁၀၀၊ အမြင့် ၂၅ပေနှင့် အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အာရ်စီအမျိုးအစားဖြစ်သည်။ လင်းခေးမြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များအားအမှူးပြု၍ နိုင်ငံတော်အစိုးရမှ လှူဒါန်းထောက်ပံ့ငွေကျပ် ၁၂၀ သိန်းအပါအဝင် ဒေသနေပြည်သူအလှူရှင်များ၏ လှူဒါန်းထည့်ဝင်ငွေကျပ်သိန်း ၁၃၀၀ ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားသစ်တည်ဆောက်ပြီးစီးသွားသဖြင့် သွားလာရေးခက်ခဲခဲ့သော လင်းခေးမြို့နယ် နောင်လုံ၊ ဝမ်စစ်၊ ဟိုင်းကွေ့နှင့် နမ့်တိုင်းကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများ၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းဇော်လတ်(iprd)**

သတင်းတို

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ဝကုန်းကျေးရွာ အမကကျောင်း၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၁ ဦး နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးတိုး ၅၀ ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံကလေးများနေ့ စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

မြဝတီ ဖေဖော်ဝါရီ ၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား စည်ကားစွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြန်မာနိုင်ငံ ကလေးများနေ့အခမ်းအနား ကျင်းပခြင်းသည် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကြောင်း၊ ကလေးများအတွက် ကျပန်းစကားပြိုင်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများနှင့် အခြားသော ပျော်ပွဲရွှင်ပွဲများ စည်ကားစွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်တို့က ကလေးများနေ့ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **ထိန်လင်းအောင်**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

မြင်းခြံ ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိကျေးရွာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖေဖော်ဝါရီ ၁ ရက်က နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့နယ်အတွင်း ဇီးတောကျေးရွာအုပ်စုရှိ ဇီးတောရွာ၊ ထနောင်းပင်စုရွာများမှ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်စိုးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူ ၁၂၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

အမည်ပြောင်း

ဦးစောနိုင်၏သမီး မြင်းခြံမြို့အထက (၄) သတ္တမတန်း(B)မှ မခင်ဆုရည်ဝင်းအား ယနေ့မှစ၍ မဆုမြတ်နိုးစံဟု ပြောင်းလဲခေါ်ပါရန်။

ဂဝံခဲ၊ ဂဝံမှုန့်ဈေးနှုန်းချိုသာစွာရောင်းရန်ရှိသည်။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၁၆၄၄၃၀၊ ၀၉-၃၁၃၁၀၁၈၇
၀၉-၄၂၀၂၁၄၅၀၀၊ ၀၉-၇၃၁၈၀၅၄၂

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအောင်ဇေယျ ၁၂/ဒပန(နိုင်)၀၄၆၅၁၂၏သမီး အထက(၂) သာကေတ၊ သတ္တမတန်း(D)မှ မသဒ္ဒါနုဝေအား မမိုးသက်နှင်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
မမိုးသက်နှင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃၇ယ/၁၄၂၀၁ Honda Wave 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၆/မအရ(နိုင်)၀၉၀၉၃၇၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မြိတ်)

ပါမောက္ခ ဦးတင်ရွှေ (ငြိမ်း-ဓာတု)
အဝေးရောက် ဓာတုဗေဒဆရာဖြစ်သင်တန်း

၉တန်း၊ ၁၀တန်းသင်ရိုးကုန် ဓာတုဗေဒပညာများကို အဝေးသင်စနစ်ဖြင့် Le-cture Guide များ၊ Teaching Method များ ပေးပို့၍ သင်ကြားပေးနေပါသည်။ 2015 (Feb:; Mar:; Apr:) Sectionအတွက် စာရင်းသွင်းနိုင်ပြီ။ သင်တန်းကြေးကို သုံးကြိမ်ခွဲ၍ ဘဏ်မှပေးပို့ရပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၁၂၁၂၃

ဖခင် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ မောင်မြတ်စိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ဖြစ်ပါသည်။
ဦးဇော်ဇော် ၁၂/တမန(နိုင်)၀၁၆၇၂၇

သတင်းတိုများ

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကို မကွေးမြို့ နံကပ်ကျွန်းကျေးရွာအုပ်စု မြသလွန်ဘုရားပွဲတော်ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။ ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ဌာနဆိုင်ရာအလိုက် အသင်း ၄၅ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို မြို့ဟောင်းအသင်း၊ ဒုတိယဆုကို တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ တတိယဆုကို မီးသတ်၊ လဝကနှင့် သာသနာရေးအသင်းများကရရှိခဲ့ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကျော်ဇေယျ

မိတ္ထီလာအကျဉ်းထောင်ကို ခရိုင်တရားသူကြီးစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အစာအာဟာရရရှိမှု ရှိ မရှိ၊ ဆေးဝါးကုသခွင့်ရရှိမှု ရှိ မရှိ၊ အမျိုးသမီးအကျဉ်းသူများကို အမျိုးသမီးလုံခြုံရေး အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ မရှိတို့ကို မိတ္ထီလာခရိုင်တရားသူကြီး ဦးဇော်ထူး၊ ဒုတိယခရိုင်တရားသူကြီး ဦးဖုန်းတင့်နှင့်အဖွဲ့က ဇန်နဝါရီ ၂၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ထိန်းသိမ်းစောင့်ရှောက်ရမည့် အင်းလေးကန်ရေတိမ်ဒေသ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - နေမျိုးသူရိန်

အာဆီယံအမွေအနှစ်ဥယျာဉ် ရေတိမ်ဒေသစာရင်းဝင် အင်းလေးကန်။

သဘာဝအတိုင်းတည်ရှိနေသည့် ရေတိမ်ဒေသများက လူသားတို့အား များစွာအကျိုးပြုလျက်ရှိသည်။ ထို့ကြောင့် ရေတိမ်ဒေသ သဘာဝအရင်းအမြစ်များကို အသုံးပြုရာတွင် လက်ငင်းအကျိုးကျေးဇူးရရှိမှုကိုသာမကြည့်ဘဲ အနာဂတ်မျိုးဆက်သစ်များကို ရည်မှန်းချက်ထား၍ ထာဝစဉ်တည်တံ့စေရန်၊ ရေတိမ်ဒေသ သဘာဝဂေဟစနစ်များ၏ သဘာဝဂုဏ်သတ္တိများကို သင့်လျော်သောနည်းလမ်းများဖြင့် ထိန်းသိမ်းပြုပြင်သွားရန် ရည်ရွယ်ချက်ထားကြဖို့ လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင်လည်း အာဆီယံအမွေအနှစ်စာရင်းဝင် ရေတိမ်ဒေသဖြစ်သော အင်းလေးကန်၏ သဘာဝဂေဟစနစ်များ ထာဝစဉ်တည်တံ့ရေးရည်ရွယ်ချက်ဖြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရေတိမ်ဒေသဆိုသည်မှာ ရွှံ့နွံတောများ၊ ပုပ်သိုးဆွေးမြေ့နေသည့် သစ်ရွက်များပါဝင်သော ရေဝပ်မြေများ၊ သဘာဝ သို့မဟုတ် လူသားတို့ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ရေများ၊ ယာယီ သို့မဟုတ် ထာဝစဉ်တည်ရှိနေသောရေများ၊ ရေသေ သို့မဟုတ် ထာဝစဉ်စီးဆင်းနေသောရေများ၊ ရေချို သို့မဟုတ် ရေငန်နှင့် ဒီရေကျချိန်တွင် ခြောက်မီတာထက်မနက်သော ဒီရေတောများ ပါဝင်ကြောင်း သိရသည်။

ရေတိမ်ဒေသများသည် ရေကြီးရေလျှံမှုကို ထိန်းသိမ်းပေးခြင်း၊ ရေတွင် ပျော်ဝင်နေသည့် အညစ်အကြေးများကို သန့်စင်ပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ ထောက်ပံ့ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ခြင်း၊ သားငှက်တိရစ္ဆာန်များအတွက် နေရင်းဒေသများအဖြစ် ဖန်တီးပေးခြင်း၊ ရွှေ့ပြောင်းရေပျော်ငှက်များအတွက် နားခိုကျက်စားရာနေရာအဖြစ် ဖန်တီးပေးခြင်း၊ မြေအောက်ရေဖြည့်တင်းမှုကို ထောက်ပံ့ခြင်းစသည့် အကျိုးကျေးဇူးများကို ပေးစွမ်းနေကြောင်း အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ရှင်းပြသည်။

ပိုးသတ်ဆေးများ၊ စက်ရုံများမှ စွန့်ပစ်သည့် အညစ်အကြေးများ၊ အလွန်အကျွံငါးဖမ်းခြင်း၊ ရာသီဥတု ပြောင်းလဲလာခြင်း စသည့် အချက်များသည် ရေတိမ်ဒေသများကို ခြိမ်းခြောက်လျက်ရှိ ····

ပိုးသတ်ဆေးများ ဝင်ရောက်လာခြင်း၊ စက်ရုံများမှစွန့်ပစ်သည့် အဆိပ်အတောက်ဖြစ်စေသော အညစ်အကြေးများ ဝင်ရောက်လာခြင်း၊ အလွန်အကျွံငါးဖမ်းခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဒေသရင်းမဟုတ်သည့် ပြင်ပမျိုးစိတ်များ ဝင်ရောက်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း စသည့် အချက်များသည် ရေတိမ်ဒေသများကို ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ဟောပြောပွဲအပြီးတွင် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အဖြစ် အထကမိုင်းသောက်ကျောင်းဝန်းကျင်၊ မိုင်းသောက်ကျေးရွာမှ အင်းလေးကန်သို့သွားသည့် လမ်းတစ်လျှောက်နှင့် မိုင်းသောက်ဈေးတို့တွင် ပလတ်စတစ်များကောက်ယူခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကွန်ဗင်းရှင်း သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ(၃၈)တွင် ရေတိမ်ဒေသ ၁၀ ခုပါဝင်ပြီး အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ အင်းလေးကန်ရေတိမ်ဒေသ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပေသည်။ ။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးအောင်လီ ၁/မကန(နိုင်)၁၃၂၇၀၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၀၁၄၈၉၇**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဃ/၁၂၈၇ Jialing ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၅/မမတ(နိုင်)၀၅၅၈၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

ပြည်တွင်းသတင်း

ကလေးမြို့ အဆင့်မြင့်ပင်မယာဉ်ရပ်နားစခန်းအတွင်းရှိ ကားကြီးဝင်းအဆောက်အအုံတည်ဆောက်မှု ယခုလကုန်ပြီးစီးမည်

ကလေး ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အဆင့်မြင့်ပင်မယာဉ်ရပ်နားစခန်းတွင် ကားကြီးဂိတ်များအတွက် တည်ဆောက်လျက်ရှိသော ကားကြီးဝင်းအဆောက်အအုံသစ် တည်ဆောက်မှုများ ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ကားကြီးဝင်းအဆောက်အအုံသစ်ကို ရှေ့မျက်နှာဖွင့်ဆင်ဝင်ပါ Steel Structure အဆောက်အအုံအဖြစ် Holly Land ကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ဆောက်လုပ်နေခြင်းဖြစ်သည်။ ကားကြီးဝင်းဆောက်လုပ်ရန်အတွက် မော်တော်ယာဉ်ဂိတ်များမှ ညှိနှိုင်းသဘောတူ သတ်မှတ်ချက်အရ ယာဉ်ကြီးဂိတ်တစ်ခန်းလျှင် ငွေကျပ် ၂၂၅ သိန်း၊ ယာဉ်ငယ်ဂိတ်တစ်ခန်းလျှင် ငွေကျပ် ၁၁၀ သိန်းစီ သတ်မှတ်လျာထားပြီး စုစုပေါင်းငွေကျပ်သန်းပေါင်း ၅၁၁ သန်းကျော် ကုန်ကျမည်ဖြစ်ကြောင်း Holly Land ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကားကြီးဝင်း အဆောက်အအုံသစ်ကြီးတွင် ယာဉ်ကြီးဂိတ်များအတွက် အခန်းတစ်ခန်းလျှင် အလျား ၃၅ ပေ၊ မျက်နှာဖွင့် ၁၈ ပေ၊ အမြင့် ၁၈ ပေဖြင့် အခန်းပေါင်း ၁၈ခန်း၊ ယာဉ်ငယ်ဂိတ်များအတွက် အလျား ၂၀ ပေ၊ မျက်နှာဖွင့် ၁၅ ပေ၊ အမြင့် ၁၅ ပေဖြင့် အခန်းပေါင်း၁၂ ခန်း စုစုပေါင်း အခန်း ၃၀ တည်ဆောက်နေပြီး အခန်းများတွင် ထပ်ခိုး၊ ရေချိုးခန်းနှင့် ရေအိမ်များပါ ပါဝင်မည်ဖြစ်ကြောင်း၊ မှန်လုံကားကြီးတစ်စီးလုံး အမိုးအကာအောက်တွင် ရပ်ထားနိုင်မည်ဖြစ်သည့်အပြင် ကုန်တင်ကုန်ချခြင်းနှင့် ခရီးသွားပြည်သူများ နားနေခြင်းကိုလည်း အမိုးအကာအောက်တွင် စိတ်အေးချမ်းသာစွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်ခရီးသွားပြည်သူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် ဆက်စပ်လုပ်ငန်းများဖြစ်သော CCTV တပ်ဆင်ပေးခြင်း၊ ရေသန့်စင်စနစ်အတွက် ရေစင်နှင့် ရေမြောင်းများဆောက်လုပ်ပေးခြင်းတို့ကို ဆောက်လုပ်သူကုမ္ပဏီက ပံ့ပိုးပေးမည်ဖြစ်ပြီး ကလေးမြို့ကားကြီးဝင်း အဆောက်အအုံသစ်ကြီးကို ခေတ်မီလှပသော မြို့ဂုဏ်ဆောင်အဆောက်အအုံဖြစ်ရန်နှင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာမှုရှိစေရန် သန့်ရှင်းလှပသေသပ်စွာဖြင့် သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ခံဆောက်လုပ်သူထံမှ သိရသည်။

ကလေးမြို့ အဆင့်မြင့်ပင်မယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်ပြီးစီးမှုအခြေအနေကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

သတင်းတိုများ

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့တွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသူများ တက်ရောက်ပြီး သင်တန်းသို့ သင်တန်းသူ ၉၅ ဦး တက်ရောက်ကြောင်း သိရသည်။ **ကျော်ဇေယျ**

မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျောက်ဆင်ကျေးရွာသို့ မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က အင်းတော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်းစိုးက မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကာ ကျောက်ဆင်ကျေးရွာ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီထံသို့ မြစိမ်းရောင် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

ကျေးရွာစာကြည့်တိုက်မှူးသင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် ကျေးရွာစာကြည့်တိုက်မှူးသင်တန်းဆင်းပွဲ(၁/၂၀၁၅)ကို အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် အင်းတော်မြို့ပညာရေးနှင့် ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး အင်းတော်မြို့နယ်တွင်းရှိ ကျေးရွာ ၁၅၃ ရွာမှ သင်တန်းသား သင်တန်းသူ ၁၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ အင်းနီ – သဲပွတ် – မျက်ခါးအင်း– ကျောက်ပချုပ် ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် မြေသားပြုပြင်ခြင်းနှင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၄ ရက်က ဆောင်ရွက်နေစဉ်။

ထွန်းထွန်း(သာစည်)

မှောင်ခို ကျွဲ၊ နွား ၁၄ ကောင် ဖမ်းဆီးရမိ

ထီးချိုင့် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အုတ်ဆုံကျေးရွာအနီးတွင် တရားမဝင်မောင်းနှင်လာသည့် မှောင်ခို ကျွဲ၊ နွား ၁၄ ကောင်ကို ဖေဖော်ဝါရီ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးဦးစီး(၁)ဌာနစိတ်၊ ခရိုင်မှုခင်းနှိမ်နင်းရေး၊ ထီးချိုင့်မြို့မရဲစခန်းနှင့် မောင်းကုန်းရဲကင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်းကုန်းကျေးရွာနှင့် အုတ်ဆုံကျေးရွာများမှ ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်မှောင်ခိုပို့ဆောင်နေကြောင်း သတင်းအရ ထီးချိုင့်ရဲစခန်း၏အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် အုတ်ဆုံကျေးရွာနေ လှရွှေနှင့် ကိုလွင်တို့သည် နွား ၁၂ ကောင်နှင့် ကျွဲနှစ်ကောင် မောင်းနှင်လာသည်ကို တွေ့ရသဖြင့် စစ်ဆေးခဲ့ရာ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းချရန် မောင်းနှင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လှရွှေနှင့် ကိုလွင်တို့အား ဥပဒေအရ အရေးယူပေးရန် တိုင်းဦးစီး(၁)ဌာနစိတ်မှ ဒုရဲအုပ်အာကာမင်းက ထီးချိုင့်မြို့မရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းဖွဲ့စည်းမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းဟောင်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် သာရေးနာရေးဆိုင်ရာကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။

အဆိုပါအသင်းဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်း(အငြိမ်းစား၊ နုတ်ထွက်၊ ဌာနပြောင်း)များအနေဖြင့် သက်ဆိုင်ရာသတင်းစာတိုက်များသို့ ဆက်သွယ်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်–

(က) ဒေါ်စန်းစန်းမြင့် ဖုန်း–၀၁–၂၀၀၈၁၂

(ခ) ဦးဇော်မင်း ဖုန်း–၀၁–၅၄၄၃၁၄

(ဂ) ဦးရွှေကို ဖုန်း–၀၁–၈၆၁၀၆၈၅

အသင်းဖြစ်မြောက်ရေးကော်မတီ

မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း–၀၉–၂၆၀၆၆၄၄၈၀၊ ၀၉–၂၆၀၆၆၄၄၉၀

ဦးကျော်သူထိုက်(ခ)ဆလိုင်းခွန်ဆာမိုရ်(ဘ–ဦးဆလိုင်းလောတန်မ်) ၁၁/မအန(နိုင်)၀၄၂၀၇၆ သိစေရန်

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ ရေးလမ်း၊ အမှတ် ၆၅၁နေ Diamond Crown Hotel (ထားဝယ်)၏ အထွေထွေမန်နေဂျာဖြစ်သူ ဒေါ်မဟေသီကျော် ၁၂/ဒဂန(နိုင်)၀၂၈၇၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ချင်းပြည်နယ်၊ တီးတိန်မြို့၊ ချင်းမြို့နယ်စု၊ တာခွန်းရပ်၊ အမှတ် ၃၄၅ (ယခုနေရပ်လိပ်စာမသိ)သူ ဦးကျော်သူထိုက်(ခ)ဆလိုင်းခွန်ဆာမိုရ် ၁၁/မအန(နိုင်)၀၄၂၀၇၆သည် Diamond Crown Hotel (ထားဝယ်)တွင် ၂၀၁၄ခုနှစ် မတ်လမှစတင်၍ Marketing Manager အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဟိုတယ်ပိုင်ငွေကြေးကျပ် ၄၇၆၀၀၀/– နှင့် ၁၅–၁၀–၂၀၁၄ရက်တွင် ခရီးသွားကုမ္ပဏီတစ်ခုမှ ဟိုတယ်သို့ လွှဲပို့ငွေကျပ် ၃၀၀၀၀၀/– ကို ဦးကျော်သူထိုက်(ခ)ဆလိုင်းခွန်ဆာမိုရ်က ရယူထားပြီး ထိုငွေနှစ်ရပ်စုစုပေါင်း ကျပ် ၇၇၆၀၀၀/–အား ၁၇–၁၂–၂၀၁၄ရက်စွဲပါ ကတိဝန်ခံချက်ဖြင့် ဟိုတယ်သို့ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့သော်လည်း လုပ်ငန်းခွင်မှ ရုတ်တရက်ထွက်ခွာသွားပြီးနောက် ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်း မရှိသေးပါ။

ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ဦးကျော်သူထိုက်(ခ)ဆလိုင်းခွန်ဆာမိုရ်အနေဖြင့် ဟိုတယ်သို့ ပြန်လည်ပေးအပ်ရန်ရှိငွေကျပ် ၇၇၆၀၀၀/–အား အမြန်ဆုံးပြန်လည်ပေးအပ်ပါရန်နှင့် ထိုရက်ထက်ကျော်လွန်၍ ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မိုးမိုးခိုင်(စဉ်–၄၈၂၆/၈၉)
တရားလွှတ်တော်ရှေ့နေ
Golden Phoenix Law Firm
ဖုန်း–၀၉–၄၃၀၆၅၀၀၉၊ ၀၉–၇၉၈၅၄၄၂၄၁

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၆၅၊ မြေကွက်တည်နေရာအမှတ် ၆၅၊ တပင်ရွှေထီးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးတင် အောင်) (AA–၁၀၃၈၁၉) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်၏ နှစ် ၆၀မြေငှားစာချုပ်(မူရင်း) ပျောက်ဆုံးသဖြင့် အမည်ပေါက်ဦးတင်အောင်၏ အထွေထွေကိုယ်စားလှယ် ၁၆၅၁၈/၁၃ (၆–၉–၂၀၁၃)ရသူ ဒေါ်လှုရှောက်ခင် ၁၃/လရန(နိုင်)၀၅၇၇၆၀က ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၉ယ/၄၀၇၉၂ New Anbo ယဉ်လက်ဝယ်ရှိသူ စိုင်းလင်းထွန်း ၁၃/တကန(နိုင်)၂၆၇၁၄၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အမက(၈၈) နားယောင်းမှ ခွန်အောင်ခိုင်(ခ)ခွန်အောင်ကျော်စော၏ မိဘအမည်မှန်မှာ ဦးစောမင်းနိုင်–ဒေါ်နန်းပွင့် ဖြစ်ပါကြောင်း။ **ဦးစောမင်းနိုင်–ဒေါ်နန်းပွင့်**

ရောင်းမည်။

... 40'x 60' ... သိန်း2300 ... 60'x 40' ... သိန်း3500
09 5001920

ထီးချိုင့်မြို့၌ ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

ထီးချိုင့် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက်က အထကထီးချိုင့်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကြိုင်က အမှာစကားပြောကြားရာတွင် ယနေ့ဖြစ်ပေါ်နေသော ဒီမိုကရေစီနိုင်ငံရေးသည် ပြည်သူအားလုံးပါဝင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူအားလုံး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ကြောင်း၊ ပြည်သူများ အသိဉာဏ်တိုးတက်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်လုပ်ငန်းသည် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါကြောင်း၊ ယင်းစာကြည့်တိုက်များ တိုးတက်အောင်မြင်ရန် စာကြည့်တိုက်မှူးများ အရည်အသွေးပြည့်မီရန် လိုအပ်သဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေက ထီးချိုင့်မြို့နယ်အနေဖြင့် ကျေးရွာ ၁၁၇ ရွာတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း ရှင်သန်သည်ဟုဆိုနိုင်သော စာကြည့်တိုက် ၃၀ ကျော်နှင့် စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက် ၁၆ တိုက်သာရှိကြောင်း၊ စံညီစာကြည့်

ကျေးရွာ ၁၁၇ ရွာတွင် စာကြည့်တိုက်များ ဖွင့်ထားပြီးသော်လည်း ရှင်သန်သော စာကြည့်တိုက် ၃၀ ကျော်သာရှိ....

တိုက်များ ထပ်မံတိုးပွားလာရေးရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ စံညီစာကြည့်တိုက်များအပေါ် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဖွဲ့၏ (Sky Net TV, Tablet)ဆိုလာနှင့် မတည်ငွေထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ကျေးလက်စာကြည့်တိုက်မှူးများအနေဖြင့် မိမိတို့ ကျေးရွာစာကြည့်တိုက်များကို ပိုမိုခိုင်မာအောင်မြင်ပြီး စံ(၅)ချက်နှင့် ပြည့်စုံ အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ကျေးလက်စာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းသို့ ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်မှူး ၇၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်တာဗျူး

သင်္ဘောတည်ဆောက်ရေးကျွမ်းကျင်သူတွေအတွက် အလုပ်အကိုင်သစ်များရရှိလာမည်

အမေး/အရေး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံထုတ် သင်္ဘောများအား အာရှဈေးကွက်အပြင် ဥရောပဈေးကွက်အထိ ခရီးဆန့်နိုင်ရန်အတွက် မျှော်မှန်းကာ ဗီယက်နမ်နိုင်ငံအခြေစိုက် Dong A Shipbuilding Industry JSC က မျှော်မှန်းထားပြီး လုပ်ငန်းများကို ဧပြီလတွင် စတင်တော့မည်ဖြစ်သည်။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွက် သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်ပြီး များစွာသောပြည်တွင်းရေကြောင်းဆိုင်ရာ ပညာရှင်များနှင့် လူငယ်မျိုးဆက်သစ်အင်ဂျင်နီယာများအတွက် လည်းကောင်း၊ အလုပ်ရုံအတွင်း လုပ်ကိုင်နိုင်ကြတော့မည့် ကုန်ထုတ်လုပ်သားများအတွက် လည်းကောင်း သတင်းထူးတစ်ရပ်ပင် ဖြစ်သည့်အတွက် Dong A Ship building Industry JSC ၏ ဒါရိုက်တာဖြစ်သူ Mr. Ngo The Cu နှင့် ဆက်သွယ်ကာ မေးမြန်းချက်တချို့ကို ဖော်ပြလိုက်ပါသည်။

မေး။ ဘာကြောင့် မြန်မာနိုင်ငံကိုရွေးချယ်တာလဲ။ လက်ရှိမြန်မာ့သင်္ဘောကျင်းတွေရဲ့အနေအထားကိုရော အတွင်းကျကျ လေ့လာမှုပြုပြီးပြီလား။

ဖြေ။ စက်မှုလုပ်ငန်းတွေ မှီလိုပေါက်လာဖို့အတွက် မြန်မာနိုင်ငံက ဆန္ဒရှိတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်ဖို့ အချိန်ကျပြီလို့ သတ်မှတ်ပါတယ်။ လေ့လာစုံစမ်းမှုတွေကိုလည်း အကြိမ်ကြိမ်ပြုလုပ်ပြီး အောင်မြင်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းနဲ့အတူ ခင်ဗျားတို့နိုင်ငံက လုပ်သားတွေအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ပိုတိုးလာမယ်ဆိုတာ အသေအချာပါပဲ။ လက်ရှိမြန်မာ့သင်္ဘောကျင်းတွေမှာ အဆင့်အတန်းပြည့်မီတဲ့ သင်္ဘောတွေ မထုတ်လုပ်နိုင်ဘူးဆိုတာ အဓိကကတော့ အရင်းအနှီးနဲ့ နည်းပညာပိုင်းပါ။ ကျွန်တော်တို့ ဒါကိုအလေးထားပြီး ပြုပြင်ပြောင်းလဲဖို့ အချိန်အနည်းငယ်သာလိုပါတယ်။ အဲဒီအချိန်ကာလကတော့ အများဆုံးလေးနှစ်လို့ သတ်မှတ်ထားပေမယ့် အခုကအစပြုလို့ လုပ်ကိုင်ရင်းမြှင့်တင်သွားမယ်။

မေး။ ဆောင်ရွက်တဲ့အခြေအနေတွေကိုပြောပြပေးပါ။

ဖြေ။ လွန်ခဲ့တဲ့ လေးရက်က Joint Venture သဘောတူစာချုပ် လက်မှတ်ထိုးခဲ့ပါတယ်။ အဓိကကတော့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းကြီးနဲ့ အကျိုးတူပူးပေါင်းပြီး Myanmar Shipyards Dong A Joint Venture ထူထောင်ဖို့အတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉ သန်း ထည့်ဝင်မှာဖြစ်ပြီး မြန်မာ့သင်္ဘောကျင်းကတော့ ၈၉ ဒသမ ၅ သန်း ထည့်ဝင်ထားပါတယ်။ လက်ရှိမှာ ပေ ၁၁၁ ရှိ Clinic Boat တစ်စီးကို Uniteam Marine Yangon နဲ့ တည်ဆောက်ပေးဖို့ နားလည်မှုစာချွန်လွှာထိုးထားပါတယ်။ လင်းစန္ဒာအောင်ကုမ္ပဏီနဲ့ Fish Trawler ငါးဖမ်းသင်္ဘော ပေ ၉၀ နဲ့ Bravely (Myanmar Transport and Logistic ကုမ္ပဏီနဲ့ ကုန်တင်၊ ဆီတင်နဲ့ကွန်တိန်နာတင်သင်္ဘောအစင်း ၃၀ ကို နှစ်နှစ်အတွင်း တည်ဆောက်ပေးဖို့ နားလည်မှု လက်မှတ်ရေးထိုးထားနိုင်ပြီမို့ လုပ်ဆောင်ချက်များကို ဧပြီမှာ အစပြုဖို့ ပြင်ဆင်နေပါပြီ။

မေး။ မြန်မာ့သင်္ဘောကျင်းရဲ့ ဘယ်လုပ်ငန်းတွေမှာ အကောင်အထည်ဖော်မှာလဲ။ ဝန်ထမ်းအင်အားရော ဘယ်လောက်ခန့်အပ်သွားဖို့ရှိပါသလဲ။

ဖြေ။ ဘုရင့်နောင်လမ်းက မြန်မာ့သင်္ဘောကျင်းမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဆုံး တန်ချိန်နှစ်သောင်းနှစ်ထောင်အရွယ် သင်္ဘောတည်ဆောက်ရေးစနစ်ကို တည်ထောင်မယ်။ အဲဒီလွှန်းကျင်းတစ်ခုလုံးကို အဆင့်မြှင့်တင်ရမယ့် အပိုင်းတွေနဲ့ ဆက်စပ်မြှင့်တင်မှုတွေလုပ်မယ်။ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းအများစုက အာရှမှာ အခြေစိုက်လိုကြတယ်။ ကျွမ်းကျင်ပညာရှင်တွေကို ပြည်ပကနေ ခေါ်ယူအသုံးပြုမှာဖြစ်ပေမယ့် အားလုံးတော့မဟုတ်ပါဘူး။ ပြည်တွင်းက အတတ်ပညာရှင်တွေကိုလည်း ခန့်အပ်သွားမှာပါ။ လက်ရှိမှာတော့ အင်အားရာဂဏန်းကို စတင်ခန့်ထားမှာဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အလိုက် ပိုမိုခန့်အပ်သွားမှာဖြစ်လို့ အလုပ်အကိုင်ရရှိမှုကို အထောက်အကူဖြစ်မှာပါ။

(မြန်မာ့အလင်း)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၅

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာ့သစ်လုပ်ငန်း မန္တလေးတိုင်းဒေသကြီးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်ဌေး(၂)က အမှာစကားပြောကြားပြီး အမှတ်(၁)တိုင်းဒေသကြီးနှင့် ပြည်နယ် မီးသတ်ဦးစီးမှူးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက လုပ်ငန်းခွင်မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရန်ရှောင်ရန်များ၊ မီးလောင်ရသည့်အကြောင်းအရင်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်နည်းများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ဌေးက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်စေခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ သပြေရေကျေးရွာ၊ ကွင်းအမှတ် ၇၂၈၊ ဦးပိုင်အမှတ် ၂၆၊ ဧရိယာ ၂ ဒသမ ၇ ဧကရှိ မြေကွက်ကြီးအတွင်းမှ အကွက်အမှတ် B.5၊ အကျယ်အဝန်း ၁၀၃'×၆၀'ရှိ မြေကွက်၏ ပိုင်ရှင်ဒေါ်မြင့်မြင့်မိုး ၉/မရမ(နိုင်)၀၁၃၂၇၁ထံမှ ဒေါ်အေးစန္ဒာမြင့် ၁၂/ဒပန(နိုင်)၀၀၇၈၄၆ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ သုံးရက်အတွင်း ကန့်ကွက်ပါရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးစန္ဒာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း(ဝါးခယ်မ)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၅၂၈၀၅၃၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၈၀/ခ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ထွန်း ၁၂/ဥကမ(နိုင်)၀၇၈၃၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၃၀-၁-၂၀၁၅ရက်တွင် ဦးအောင်ထွန်းနှင့်ဇနီးဖြစ်သူ ဒေါ်အုံးမြိုင် ၁၂/ဥကမ(နိုင်)၁၇၅၄၈၆တို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် စာအမှတ် ၈၇/၂၀၁၅ဖြင့် ပြုလုပ်ချုပ်ဆိုပြီး တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

ဦးအောင်ထွန်းနှင့် ဒေါ်အုံးမြိုင်တို့ လက်ထပ်ပေါင်းသင်းစဉ်အခါက လက်ထပ်ပွားပစ္စည်းအဖြစ် ဒေါ်အုံးမြိုင် မြေငှားဂရန်အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၈၀/ခ) (အလျားပေ၂၀×အနံပေ၆၀)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို ဦးအောင်ထွန်းနှင့် ဒေါ်အုံးမြိုင် နှစ်ဦးခွဲဝေယူရန် ကျန်ရှိနေပါသည်။

အဆိုပါ မြေကွက်အဆောက်အအုံတို့နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွန်း၏ သဘောတူခွင့်ပြုချက်ရယူခြင်းမရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ကြရန် တားမြစ်ထားပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးကြိုင်(B.Sc,H.G.P,R.L,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)
အမှတ် ၁၀၃၀၊ သုဇာတာ(၆)လမ်း၊ (၂)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၁၂၅၁၀၆၊ ၀၉-၉၇၅၁၂၅၁၀၆

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းများ မြို့နှင့်ဆက်ရန် အဆင့်မြှင့်တင်

သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်အနက်မှ တစ်ရပ်ဖြစ်သော "ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး" ဆိုသည့်အချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ကျေးလက်လမ်းများ မြို့နှင့်ဆက်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ODA (ချေးငွေ)ဖြင့် ရှေ့ပြေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမှာ ကော့မှူး-ဝါးဘလောက်သောက်- သရက်တော ၁၁ မိုင် ၄ ဖာလုံဖြစ်ပြီး ကော့မှူးမြို့နယ် စည်ပင်သာယာရေး ဦးစီးဌာနပိုင်လမ်းဖြစ်သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်လမ်းအဖြစ် ၂၀၁၂ ခုနှစ်က လက်ခံရယူခဲ့သော ကျေးလက်လမ်းဖြစ်သည်။

ထိုလမ်းကို ၂၀၁၄ ခုနှစ် မတ်လ ၆ ရက်နေ့က အဆင့်မြှင့်တင်၍ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါအောင်ခဲ့သဖြင့် မူလလမ်းအထက် တစ်ပေ ခြောက်လက်မမှ အမြင့်လေးပေခန့်အထိ မြေထည့်သွင်းဖို့ကြိတ်ပြီး ၃၄ ပေ အကျယ် မြေသားတာပေါင်ရရှိအောင်နှင့် နွေ၊ မိုး၊ဆောင်းရာသီမရွေး ကားများသွားနိုင်မည့် ၁၈ ပေကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဟု သိရသည်။

မိမိတို့ တာဝန်ယူအဆင့်မြှင့်တင်လျက်ရှိသော ကော့မှူးအရှေ့ခြမ်းလမ်းသည် ဝ မိုင်မှ ခြောက်မိုင် ငါးဖာလုံအထိ လုံးဝပျက်စီးနေသောလမ်းဖြစ်၍ ဒေသတွင်း ကျေးလက်နေပြည်သူများ လမ်းအသုံးပြုသွားလာရေးမပြတ်တောက်စေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးနေလျက်ရှိသလို ၎င်းလမ်းပိုင်းတစ်ခုလုံးကို နောင်တွင် ယခုဆောင်ရွက်နေသော (JICA) ODA Loan လမ်းပိုင်းအဆင့်အတိုင်း တည်ဆောက်မည်ဖြစ်သောကြောင့် လမ်းတာပေါင် အကျယ်ရရှိရန် ဆောင်ရွက်ခြင်းနှင့် ၁၂ လက်မထု ၃၄ ပေအကျယ် ကျောက်ရောမြေဖြင့် Capping Layer မြေသား Sub grade ဖို့ကြိတ်ခြင်း၊ ရှစ်လက်မထု ၂၂ ပေ အကျယ် Granular Sub Base Course တည်ဆောက်ခြင်း၊ ၇ လက်မထုပေ ၂၀ အကျယ်ခွဲကျောက်ဖြင့် Base Course တည်ဆောက်ခြင်း၊ ၃ လက်မထု ၁၈ ပေအကျယ် Pen-Mac စနစ်ဖြင့် ကတ္တရာလမ်းတည်ဆောက်ခြင်း၊ ၄ ပေအကျယ် ကျောက်ရောမြေ အမာခံလမ်းပခုံးတည်ဆောက်ခြင်း၊ လေးပေအကျယ် မြေသားအမာခံလမ်းပခုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းထံမှ တင်ဒါအောင်ခဲ့သော မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီ၏ စီမံကိန်းမန်နေဂျာကပြောသည်။

ကော့မှူး-ဝါးဘလောက်သောက်-သရက်တောကျေးလက်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် စက်ကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေစဉ်။

သရက်တောရွာမှ ဦးကျော်ခဲက "ကျွန်တော်တို့ သရက်တောရွာက ပင်လယ်ကမ်းစပ်မှာဆိုတော့ သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံရင် ပြေးစရာ အားကိုးစရာဆိုလို့ ဒီတစ်လမ်းပဲရှိတာ၊ လမ်းကကျေးရွာချင်းဆက်လမ်းကလေးဖြစ်တော့ အမြဲပျက်နေပြီး ကားသွားလို့လည်း မရဘူး၊ အခုလို ကတ္တရာအဆင့်မြှင့် ကားလမ်းမကြီးတစ်လမ်းဖြစ်တော့မယ်ဆိုတော့ ဝမ်းသာတာပေါ့ဗျာ" ဟု ပြောသည်။

အဆိုပါလမ်းသည် ကော့မှူးမြို့မှ ထမ္မနိုင်-ပဝန်း-ဝါးဘလောက်သောက်-ကမာပတ်-ထန်းတပင်-တော်ပြာ-သမင်ခြံကျေးရွာတို့ကိုဖြတ်သန်း၍ ပင်လယ်ကမ်းစပ် သရက်တောကျေးရွာအထိ ဖြစ်သည်။ လမ်းစီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၃၀၀ ဖြစ်ပြီး စီမံကိန်းကာလမှာ ၆. ၃. ၂၀၁၄မှ ၃၁. ၃. ၂၀၁၅အထိ ရက်ပေါင်း ၃၉၆ ရက်ဖြစ်ကြောင်း သိရသည်။

မျက်စိအတွင်းတိမ်ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နီပေါနိုင်ငံမှပါမောက္ခ ဒေါက်တာ Sanduk Ruit ဦးဆောင်သောအဖွဲ့နှင့် အမေရိကန်နိုင်ငံမှ ပူးပေါင်းကာ ပါမောက္ခ Geoffrey Craig Tabin ဦးဆောင်သောအဖွဲ့တို့ ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း ရန်ကုန် မျက်စိရောဂါအထူးကုဆေးရုံကြီးနှင့် တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးတို့တွင် မျက်စိအခမဲ့ခွဲစိတ်ကုသမှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီမျက်စိအခမဲ့ခွဲစိတ်ကုသမှုကို ရန်ကုန်မျက်စိရောဂါအထူးကု ဆေးရုံကြီးမှာ ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်နှစ်ရက်ကြာ ပြုလုပ်ပေးပြီး တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးမှာတော့ ဖေဖော်ဝါရီ ၂၇ ရက်နဲ့ ၂၈ ရက်၊ မတ်လ ၁ ရက်နဲ့ ၂ ရက်စုစုပေါင်း ၄ ရက်အခမဲ့မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်" ဟု ဒါရိုက်တာ ဦးမောင်ဝင်းက ပြောကြားသည်။

မျက်စိရောဂါ ခံစားနေရသူများ၊ မျက်စိအတွင်းတိမ်ရောဂါများကို အဆိုပါရက်များအတွင်း ရန်ကုန်မြို့နှင့် တောင်ကြီးမြို့များတွင် ပြုလုပ်သွားမည်ဖြစ်ရာ မျက်စိရောဂါနှင့်ပတ်သက်၍ အခမဲ့ကုသမှုခံယူနိုင်ရန် ယင်းဆေးရုံကြီးများ၌ လာရောက်စာရင်းပေးသွင်းထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျက်စိရောဂါနှင့် ပတ်သက်၍ အတွင်းတိမ်ဖြစ်နေသူများ အထူးဦးစားပေးကုသပေးမည်ဖြစ်ပြီး ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး လာရောက်ကုသမှုခံယူသူများအား နေ့စဉ် ဦးရေ ၁၀၀ မှ ၂၀၀ အထိ ကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းအစီအစဉ်သည် ငွေကြေးချို့တဲ့သူများအတွက် ပြည်ပမှ ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးမည့် အစီအစဉ်ကောင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

မှုခင်းသတင်းတို

လားရှိုးမြို့တွင် ဖောက်ထွင်းမှုဖြစ်ပွား

လားရှိုး ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၃) ကြာညိုလမ်း အိမ်အမှတ် (၇၆) စစ်ငြိမ်းပန်းစာပေနှင့် စာနယ်ဇင်းတိုက်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၂ နာရီ မိနစ် ၅၀က ဖောက်ထွင်းမှုဖြစ်ပွားခဲ့ပြီး လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်တစ်သိန်းခန့် ခိုးယူသွားကြောင်း အဆိုပါအမှုကို အမှတ်(၁)ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ပြည်တွင်းသတင်း

အစိုးရအဖွဲ့သစ်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

ဖေဖော်ဝါရီ ၅ ရက် စာမျက်နှာ ၂၅မှအဆက်

❖ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံပိုင်စက်သုံးဆီဆိုင် ၂၆၁ဆိုင်ကို ပုဂ္ဂလိကသို့ အပြီးလွှဲပြောင်းရောင်းချပေးအပ်ခဲ့ပြီး၊ ယနေ့အထိ ယင်း ၂၆၁ ဆိုင် အပါအဝင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၄၀၂ ဆိုင်နှင့် သိုလှောင်စခန်း ခြောက်ခု၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းပိုင် ရေယာဉ် ၁၅စီးနှင့် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တစ်ခုစသည်တို့ကို လိုင်စင်ထုတ်ပေးပြီး ဖြစ်ပါသည်။ **(ဇယားဖြင့် သီးခြားဖော်ပြထားပါသည်)**

၃။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကော်ပိုရေးရှင်း အသွင်ကူးပြောင်းရေးဆောင်ရွက်ခြင်း

❖ ထို့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲ၏ လေယာဉ်ဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် အခြားသုံးဆီဖြန့်ဖြူးမှုလုပ်ငန်းများကို နိုင်ငံတကာအတွေ့အကြုံရှိ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီတစ်ခုနှင့် အရန်ကုမ္ပဏီတစ်ခုတို့အား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ကျန်ရှိသည့် လေဆိပ်များ၏ လေယာဉ်ဆီဖြန့်ဖြူးခြင်းလုပ်ငန်းများကိုလည်း အကျိုးတူဖက်စပ်လုပ်ငန်းဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း

❖ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်းများ၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သော သင်တန်းများ၊ ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၌ လာရောက်ဖွင့်လှစ်သော သင်တန်းများနှင့်ဆွေးနွေးပွဲများသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဌာနတွင်းသင်တန်းများသို့ ၅၉၅ ဦး၊ အခြားသင်တန်းများသို့ ၃၅၆ ဦး၊ ဆွေးနွေးပွဲများသို့ ၁၄၆ ဦး စေလွှတ်တက်ရောက်စေခဲ့ပြီး၊ ပြည်ပနိုင်ငံတက္ကသိုလ်/ အဖွဲ့အစည်းများမှ ကမ်းလှမ်းလာသော ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများ၊ ဆွေးနွေးပွဲများသို့ သင်တန်းသား ၁၈၀ နှင့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေး၊ စက်ပစ္စည်းစစ်ဆေးမှု အစီအစဉ်များသို့ ၃၉၀ စေလွှတ်ခဲ့ပါသည်။

❖ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သားများအား မလေးရှားနိုင်ငံ၊ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီ၏ ပညာသင်ဆုအထောက်အပံ့ဖြင့် မလေးရှားနိုင်ငံ၊ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ် (University of Technology Petronas (UTP) တွင်ဖွင့်လှစ်သည့် အင်ဂျင်နီယာဘွဲ့(ဂုဏ်ထူးတန်း) နှင့် နည်းပညာဘွဲ့ (ဂုဏ်ထူးတန်း) သင်တန်းများသို့ ၂၀၀၇ ခုနှစ်မှစ၍လည်းကောင်း၊ ထိုင်းနိုင်ငံပီတီတီအီးပီ ကုမ္ပဏီ၏ပညာသင်ဆု အထောက်အပံ့ဖြင့် ထိုင်းနိုင်ငံ၊ Integrated Petrochemical & Refinery Complex Technology(IPRCT)တွင် ဖွင့်လှစ်သည့်အဆင့်မြင့် အသက်မွေးဝမ်းကျောင်းပညာ စက်မှုဒီပလိုမာ သင်တန်းသို့ ၂၀၁၃ ခုနှစ်မှစ၍ စေလွှတ်ခဲ့သည့်အပြင်၊ အခြားဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၏သားများအား အရည်အချင်းယှဉ်ပြိုင်စစ်ဆေးသည့်စနစ်ဖြင့် ရွေးချယ်စေလွှတ်ခဲ့ပါသည်။

❖ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်သကဲ့သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ သင်တန်းသားတစ်ဦးစီအား ထိုင်းနိုင်ငံ၊ မဟီဒေါ်တက္ကသိုလ်တွင်ဖွင့်လှစ်မည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသို့ ထိုင်းနိုင်ငံ ပီတီတီအီးပီပညာသင်ဆုအထောက်အပံ့ဖြင့် နှစ်နှစ်ကြာတက်ရောက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၅။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုစီးပွားထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment (EIA)/ Social Impact Assessment (SIA) ဆိုင်ရာ ဆောင်ရွက်ခြင်းများ

❖ စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများ၊ နိုင်ငံတကာကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် EIA /SIA လုပ်ငန်းများအား မဖြစ်မနေဆောင်ရွက်စေပြီး၊ EIA / SIA လုပ်ငန်းစဉ်များကို သိရှိနိုင်ရေးအတွက် ရေနံကုမ္ပဏီများမှပို့ချသော ဆွေးနွေးပွဲများသို့ ဝန်ထမ်းများအား ပါဝင်တက်ရောက်ဆွေးနွေးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၆။ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative-EITI) ဆိုင်ရာဆောင်ရွက်ခြင်း

❖ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative-EITI)ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ရေနံကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သော ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၎င်းတို့ပေးသွင်းသော ငွေကြေးများကို ထုတ်ဖော်ကြေညာရန်နှင့် EITI လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပေးဆောင်ရွက်လျက်ရှိပါသည်။

❖ စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ယူဆောင်ရွက်ပေးနေသော ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် EITI အဖွဲ့ဝင်ဖြစ်ရေး၌ အဓိကနေရာမှ ပါဝင်လျက်ရှိရာ မိမိတို့နိုင်ငံမှ ကနဦးတင်ပြချက်များမှာ မှန်ကန်မှုရှိသဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် မက္ကဆီကိုနိုင်ငံ၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ EITI ဘုတ်အဖွဲ့ ညီလာခံတွင် အဖွဲ့ဝင်လောင်းအဖြစ် လက်ခံခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းစဉ်အနေဖြင့် EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် မြန်မာနိုင်ငံမှ ကိုယ်စားပြု MEITI – MSG (မြန်မာနိုင်ငံ၏ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့)သည် EITI Standard အတိုင်း သတ်မှတ်အချက်အလက်များအား EITI ဘုတ်အဖွဲ့သို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ မတိုင်မီတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ EITI ဘုတ်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပနိုင်ခဲ့ပါသည်။

၇။ လက်ယက်တွင်းများ စနစ်တကျဖြစ်စေခြင်းနှင့် ခွင့်ပြုပေးခြင်း

❖ စွမ်းအင်ဝန်ကြီးဌာနသည် ဒေသတွင်းစွမ်းအင်ဖူလုံရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ရည်ရွယ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ ရေနံလက်ယက်တွင်းများ (အနက်ပေ ၁၀၀၀ အထိ) ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။ ထိုသို့ထုတ်ပေးရာတွင် ရေနံလက်ယက်တွင်းလုပ်ငန်းဆောင်ရွက်လိုသူများ၏ လျှောက်လွှာများနှင့်အတူလျှောက်ထားသည့် လုပ်ကွက်ဧရိယာသည် ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာဒေသများ၊ သစ်တောကြိုးဝိုင်း၊ သာသနာ့မြေ၊ လမ်းမြေ၊ ရွာမြေ၊ တောင်သူလုပ်ကွက်၊ မြေရိုင်းစိုက်ပျိုးခွင့်ပြုမိန့်ရရှိပြီး ဧရိယာများနှင့် ကင်းလွတ်မှု ရှိ/ မရှိကို သက်ဆိုင်ရာ မြို့နယ်/ခရိုင် အဆင့်သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှသေချာစွာစိစစ်ပြီး၊ ၎င်းဌာနများမှ ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများလုပ်ကိုင်ခြင်းကို ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံချက်များ၊ မြို့နယ်/ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ထောက်ခံချက်များနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ပေးပို့လျှောက်ထားရပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှတစ်ဆင့် ရေနံလက်ယက်တွင်းလုပ်ငန်း ဆောင်ရွက်လိုသူများ၏ မူရင်းလျှောက်လွှာများ၊ သက်ဆိုင်ရာ မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့၏ ထောက်ခံချက်မူရင်းများနှင့်အတူ ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများလုပ်ကိုင်ခြင်းကို ကန့်ကွက်ရန်မရှိပါကြောင်း ထပ်ဆင့်ထောက်ခံလျက် စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့လျှောက်ထားရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရေယာဉ်များသို့ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးခဲ့မှုအခြေအနေ

၃-၁၂-၂၀၁၄

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	၁	၅	၃၀	၁၂	၃၅			၁
၂	[illegible]	၃	၅၆	၅၉	၄၇	၁၁၃	၅	၅	
၃	[illegible]	၂	၃၅	၃၁၃	၇၆	၃၄၈		၂	
၄	[illegible]		၂၀	၁၂၃	၄၈	၁၅၁			
၅	[illegible]	၂	၃၉	၁၄၃	၅၁	၁၈၂			
၆	[illegible]		၁၆	၆၄	၄၄	၈၀	၁		
၇	[illegible]		၁၆	၆၀	၂၂	၇၆			
၈	[illegible]		၆	၇	၁၃	၁၃		၃	
၉	[illegible]		၀	၄၀	၃၅	၄၈			
၁၀	[illegible]	၁		၁၀	၀	၁၀			
၁၁	[illegible]	၁	၃	၂၀	၃	၂၄			
၁၂	[illegible]	၁	၁	၀	၁	၁			
၁၃	[illegible]		၁၇	၄၇	၃၀	၆၄		၂	
၁၄	[illegible]		၇	၁၈	၁၇	၂၅		၃	
၁၅	[illegible]	၁	၂၆	၂၀၇	၆၈	၂၇၃			
	[illegible]	၁၂	၂၆၀	၁၁၄၁	၄၆၈	၁၄၀၂	၆	၁၅	၁

"ဦးကိုကိုအေး"
(အုပ်ချုပ်မှုဒါရိုက်တာ ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်) အား
၂၀၁၅ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင်
"အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ"
ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း
နိုင်နိုင်ဦး (ပေါင်းအိုး) ချိုချိုထွန်း (ရေလှေ) ဆွေဆွေမြင့် (မိုးပျ) အေးအေးထွန်း (ကင်မရာ)

ပိုက်တင် ၂၀၁၉ နိုင်ငံရေး အတွေးအမြင်များ ထွက်ပြီ
KNOWLEDGE publication 09795572650

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 5H/7097၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ကြေညာအပ်ပါသည်
ဆရာကြီးဦးမြ ရေးသားသော ဥပဒေပြဿနာအဖြာဖြာစာအုပ်ကို ထပ်မံရိုက်နှိပ်ပြီး စာရေးသူ၏ သတ်မှတ်ပေးချက်အရ ယခင်ရောင်းဈေး ငွေကျပ် ၇၀၀၀ မှ ငွေကျပ် ၃၀၀၀သို့ လျှော့ချရောင်းချပေးသွားမည် ဖြစ်ပါကြောင်း၊ ဝယ်ယူလိုသူများသည် စာအုပ်ဖိုးငွေ ပေးပို့မှာကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
ဦးလှစိုး
အမှတ် ၇၇(မြေညီ)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၈၄၅၈၆၊ ၀၉-၈၇၂၁၄၄၄၆၆

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂ယ/၁၀၁၃၆ Honda Dream M/C ယဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာစိုး ၇/ပမန(နိုင်)၀၄၀၄၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့

အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

(၃၀-၁-၂၀၁၅) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ
အားလုံးအဆင်ပြေပါသည်။ ဦးအောင်ဘ (မြောက်ဥက္ကလာ ၀၉-၇၃၀၈၆၁၅၆)
ခင်နန္ဒာကုမ္ပဏီ ဒီထက်ကြီးပွားတိုးတက်ပါစေ။ ဦးဝါသ (မန္တလေး ၀၉-၄၀၂၆၅၈၁၆၃)
နောက်အခေါက်တွေလည်း လာနိုင် ဖူးနိုင်ပါစေ။ ဒေါ်ဝင်းတင် (မြောက်ဥက္ကလာ ၀၉-၃၁၂၇၅၇၀၇)
ကိုဇော်မင်းထွေး နှင့် ညီငယ်(၅)ယောက်ကို ကျေးဇူးပါ။ မာမာဝင်း (ပုဇွန်တောင် ၀၉-၅၀၃၉၇၄၆)
ဖြိုးမြည့်ရုံသော ဘုရားဖူးခရီးဖြစ်ကြောင်း သာဓု ခေါ်ဆိုပါသည်။ ဒေါ်မြင့်မြင့်အေး (မြင်ဦးလွင် ၀၉-၃၀၁၀၃၃၂)
ဒေါ်နုနုဝင်း (မြင်ဦးလွင် ၀၉-၂၀၄၄၂၆)
ခင်နန္ဒာခရီးသွားလုပ်ငန်း အဆင်ပြေတိုးတက်ပါစေ။ မောင်အောင်နိုင်ဖြိုး (မြင်ဦးလွင် ၀၉-၄၄၄၀၁၂၀၄)
အဖွဲ့ခေါင်းဆောင် မောင်ဇော်မင်းထွေး နှင့် ဝန်ဆောင်မှုလူငယ် အားလုံးတို့သည် အလွန်တရာ ကောင်းမွန်ကြောင်း။ ဦးဝင်းနိုင် (တောင်ဥက္ကလာ ၀၉-၄၂၁၀၅၉၄၈)
ဦးကျော်သူ (မြောက်ဒဂုံ ၀၉-၄၅၁၀၀၃၉၇)
ဦးမြမြ (မြောက်ဥက္ကလာ ၀၉-၄၂၅၂၉၃၆၀၉)
အားလုံးကောင်းမွန်အဆင်ပြေပါသည်။ (ရွှေပြည်သာ ၀၉-၂၅၀၇၃၃၈၀)
ဦးတင်ဦး (မြောက်ဒဂုံ ၀၉-၂၅၀၀၀၉၀၂၂)
ဝန်ဆောင်မှုကောင်းပါသည်။ ဒေါ်လေးရွှေ (ဆိပ်ကြီးခနောင်တို ၀၉-၇၃၀၀၂၀၄၆)
ကျေနပ်မှုရှိပါသည်။ ဒေါ်ကြည်ကြည်လွင် (မြောက်ဒဂုံ ၀၉-၂၅၀၀၀၉၀၂၂)
အားလုံးအဆင်ပြေပါသည်။ ဒီထက်အောင်မြင်ပါစေ။ ဒေါ်ငွေငွေလှိုင် (မြောက်ဥက္ကလာ ၀၉-၃၁၂၅၇၀၄)
အားလုံးအဆင်ပြေပါသည်။ မတင်တင်မိုး (မြောက်ဥက္ကလာ ၀၉-၅၄၀၆၅၉၃)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃C/၈၂၉၂ Toyota Landcruiser Prado KZ-90, S/W (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၉/ကပတ(နိုင်)၀၄၂၄၀၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၈ယ/၇၈၄၂၅ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအောင် ၉/တကန(နိုင်) ၁၄၁၂၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ဖခင်အမည်မှန်
အထက(၂) တောင်ဒဂုံ ၈ဝမတန်းမှ မောင်ထက်လင်းအောင်နှင့် ၁၅-၆-၁၉၉၆ ရက် မွေးဖွားသော မနင်းစန္ဒာ (တတိယနှစ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်)တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုး(ခ)ဦးသီဟစိုး ၁၂/ဒဂတ (နိုင်) ၀၆၉၈၀၆ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၈၊ မြေကွက်အမှတ် ၃၅ မြေအမည်ပေါက် ဦးစိုးမြင့် ၁၂/ ကမရ(နိုင်) ၀၀၆၄၅၆၏ မြေချပါမစ်အား တစ်ဆင့်ဝယ်ယူထားသူ ဒေါ်အေးအေးမူ ၁၂/ဥကတ(နိုင်) ၁၁၅၇၅၀က မြေဂရန်အသစ်ပြုလုပ်ရန်အတွက် လျှောက်ထားတော့မည်ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဒေါ်အေးအေးမူထံသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား မြေဂရန်အသစ် လျှောက်ထားခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဒေါ်အေးအေးမူ ၁၂/ဥကတ(နိုင်) ၁၁၅၇၅၀
အမှတ် ၈၅၃၊ အနော်မာ ၁လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၄၅၀၀၀၁၈၀၇၊ ၀၉-၇၃၂၃၀၀၁၁၊ ၀၉-၂၅၀၅၀၃၃၇၇

အမည်ပြောင်း
အထက(၁၆) ကျည်တော်ကျောင်း ပဋ္ဌမတန်း(A)မှ မသီရိမေအား ယနေ့မှစ၍ မသွန်းသံစဉ်စံဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၁ယ/၈၈၈၅၉ Honda Click 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးချင်ဇမ် ၁၃/မကန(နိုင်)၀၁၅၃၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ပြင်ဆင်ဖတ်ရှုပါရန်
၃-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ ကြော်ငြာ(၆) ကန့်ကွက်ကြော်ငြာ အမှတ်စဉ်(၅)ဒေါ်ရီရီနု+၇၏အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်ရီရီနု+၇အစား ဒေါ်ရီရီနု+၈ ၁၂/ဥကတ(နိုင်)၀၁၃၄၃၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစား

ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုတို့ဆုံပြီ

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ် ၂၂ ကို ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်တွေမှာ ယှဉ်ပြိုင်မှာမို့ ရီးရဲမက်ဒရစ်တို့က ပြိုင်ဘက်အက်သလက်တီကိုမက်ဒရစ်နဲ့ ရင်ဆိုင်ရမှာဖြစ်လို့ ပွဲမချောင်ပါဘူး။ ရမှတ်တွေပြတ်သားမှုနဲ့ ဦးဆောင်ဖို့ကြိုးစားနေတဲ့ ရီးရဲမက်ဒရစ်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုနဲ့ ကြုံတွေ့ရမှာမို့ ဒီပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိလာမှာဖြစ်ပါတယ်။

အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ရီးရဲမက်ဒရစ်တို့ တစ်ပွဲသာနိုင်ထားတာမို့ ရင်ပူစရာတော့ ကောင်းနေပါတယ်။ ပြီးခဲ့တဲ့လ ၁၅ ရက်က တွေ့ဆုံခဲ့တဲ့ပွဲမှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ အက်သလက်တီကိုရဲ့ ဖိအားပေးကစားမှုကို ရီးရဲမက်ဒရစ်တို့ ရင်ဆိုင်ရပါလိမ့်မယ်။ အက်သလက်တီကိုဟာ အိမ်ကွင်းမှာ အမှားအယွင်းနည်းနည်းနဲ့နိုင်ပွဲရအောင် ကစားနိုင်တာမို့ ရီးရဲမက်ဒရစ်တို့ တစ်မှတ်လောက်ပဲ မျှော်လင့်နိုင်တဲ့ အနေအထားပါ။

ဒီပို့တီဗိုနှင့် အီဘာ

ဒီပို့တီဗိုဟာ အိမ်ကွင်းမှာကစားအားမြင့်တက်ပြီး နိုင်ပွဲရအောင် ကြိုးစားနိုင်ပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းမှာ အားနည်းချက်ရှိတာမို့ သတိပြုပြင်ဆင်မှ တော်ကာကြပါလိမ့်မယ်။ အီဘာတို့က အခုတလော ခြေစွမ်းပြနိုင်နေပြီး အမှတ်တွေရယူနိုင်တာကြောင့် ဒီပွဲဟာ တစ်မှတ်စီခွဲယူရမယ့် အခြေအနေလည်း ဆိုက်ရောက်သွားနိုင်ပါတယ်။

ဆိုစီဒက်နှင့် ဆယ်လ်တာဗီဂို

သရေပွဲတွေများနေတဲ့ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုက စိတ်ဝင်စားစရာပါ။ အိမ်ကွင်းမှာ ခြေစွမ်းကောင်းတွေ ပြသလာတဲ့ ဆိုစီဒက်ဟာ ဒီပွဲကို ရလဒ်ကောင်း အားထုတ်ပါလိမ့်မယ်။ ဆယ်လ်တာဗီဂိုတို့ကတော့ ဆိုစီဒက်ကွင်းမှာ ရလဒ်မကောင်းတတ်တာမို့ အကြိုက်က အိမ်ရှင်ဖြစ်ပေမယ့် ဧည့်သည်ရဲ့ကြိုးစားမှုကြောင့် တစ်မှတ်လည်း ရသွားနိုင်တဲ့ပွဲဖြစ်နေပါတယ်။

လီဗန်တေးနှင့် မာလာဂါ

တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ လီဗန်တေးတို့ အင်အားရှိသမျှ ရုန်းကန်ပြီး အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ခြေစွမ်းပြနေတဲ့မာလာဂါကို အသာစီးရအောင် ကစားဖို့ဆိုတာသိပ်တော့ မလွယ်ပါဘူး။ မာလာဂါတို့ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပြီး ရမှတ်တွေ သိမ်းကျုံးနိုင်မယ်လို့ ယုံကြည်မှုရှိနေတာတော့ အမှန်ပါပဲ။

ဗီလာရီးရဲနှင့်ဂရန်နာဒါ

ဗီလာရီးရဲအိမ်ကွင်းမှာ ဂရန်နာဒါတို့ရှုံးပွဲကြုံတာတော့ များနေပါတယ်။ ဒါပေမယ့် သရေပွဲဖြစ်အောင် ကစားနိုင်တဲ့ စွမ်းအားလည်းရှိတဲ့ ဂရန်နာဒါကို လျှော့တွက်ရင် မှားပါလိမ့်မယ်။ ဂရန်နာဒါတို့ကတော့ အကောင်းဆုံးစုဖွဲ့မှုနဲ့ ချီတက်လာမှာဖြစ်ပြီး ဗီလာရီးရဲအဖွဲ့သားတွေကို အကျပ်အတည်းဖြစ်အောင် ကြိုးစားမှာပါ။ နိုင်ပွဲတွေဆက်နေတဲ့ ဗီလာရီးရဲတို့ကတော့ အိမ်ကွင်းမှာ ကစားတိုင်းဂရန်နာဒါကို နိုင်ပွဲရတဲ့ မှတ်တမ်းကောင်းတွေကို ဆက်လက်ထိန်းသိမ်းမှာဖြစ်ပါတယ်။

စီရော်နယ်ဒိုကို ပေါင်သန်း ၃၀၀ ပေးလျှင် ရောင်းမည်ဟုဆို

